# မိကျောင်းချောင်းကျေးရွာ
# ဘုတ်ပြင်းမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၂၀-၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီအဖွဲ့

မိကျောင်းချောင်းကျေးရွာ၊ ဘုတ်ပြင်းမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ

# မာတိကာ


| | | | |
|---|---|---|---|
| ၁။ | စကားချီး | | ၁ |
| ၂။ | ရည်ရွယ်ချက် | | ၂ |
| ၃ | ကျေးရွာကော်မတီဝင်များစာရင်း | | ၃ |
| ၃။ | ပထဝီအနေအထားနှင့်သဘာဝသယံဇာတအရင်းအမြစ်များ | | ၄ |
| | (က) | တည်နေရာ၊ ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား | ၄ |
| | (ခ) | သဘာဝအရင်းအမြစ်များ | ၅ |
| ၄။ | စီမံကိန်းဇယားများ | | ၆ |
| | ၁။ | ကျေးရွာလူမှုစီးပွားရေးအခြေအနေ | ၆ |
| | (က) | လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ | ၆ |
| | (ခ) | အလုပ်လုပ်နိုင်သူအင်အား | ၆-၉ |
| | (ဂ) | သဘာဝရင်းမြစ်များ | ၁၀-၁၁ |
| | (ဃ) | ဥစ္စာဓနအဆင့်အခြေအနေ | ၁၁ |
| | (င) | ထိခိုက်လွယ်မှု | ၁၁-၁၄ |
| | ၂။ | ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ | ၁၄ |
| | (က) | ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ | ၁၄-၁၅ |
| | (ခ) | စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ | ၁၅-၂၄ |
| | (ဂ) | ရွှေ့ပြောင်းလုပ်သားများ | ၂၄-၂၅ |
| | (ဃ) | ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက် | ၂၆ |
| | (င) | ငွေကြေးလက်လှမ်းမီမှုနှင့်ဘဏ်လုပ်ငန်း | ၂၆-၂၇ |
| | (စ) | ပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်များစီမံခန့်ခွဲမှု | ၂၇ |
| | (ဆ) | ပညာရေး | ၂၈-၃၀ |
| | (ဇ) | ကျန်းမာရေးနှင့်အဟာရ | ၃၀-၃၂ |
| | (ဈ) | ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး | ၃၂-၃၃ |
| | (ည) | ကျား-မရေးရာ | ၃၃-၃၄ |
| | (ဋ) | အခြေခံအဆောက်အဦများအခြေအနေ | ၃၄-၃၆ |
| | (ဌ) | လျှပ်စစ်မီးရရှိမှု | ၃၆ |
| | (ဍ) | ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ | ၃၆ |
| | (ဎ) | ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး | ၃၆-၃၇ |
| | (ဏ) | ကျေးရွာတည်ငြိမ်ရေးနှင့်ဘေးကင်းလုံခြုံရေးအခြေအနေ | ၃၇-၃၈ |
| ၅။ | နောက်ဆက်တွဲများ | | ၃၉ |
| | (က) | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် | ၃၉-၄၂ |
| | (ခ) | အခြေခံအဆောက်အဦနှင့်ဦးစားပေးလုပ်ငန်းများ | ၄၃ |
| | (ဂ) | အဆိုပြုစီမံချက်များ | ၄၄-၄၅ |
| | (ဃ) | နှစ်အလိုက်စီမံချက်များ | ၄၆-၅၃ |

## ၁။ စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၀/၂၁ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄/၂၅ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ လူထုပါဝင်ရေး ဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာပံ့ပိုးပေးသည့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက် ဒေသ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံညဏ်များတက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး နှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း ကျေးရွာလူထုစနစ်တကျ ပူးပေါင်းဆောင်ရွက်သည့် နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကို မသိရှိခဲ့ကြပါ။ ဤလုပ်ငန်းစနစ်ကြောင့် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိနားလည်လာခဲ့ရုံသာမကကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်များရရှိနိုင်သောနေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့အပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်းအချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှတစ်ဆင့် ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိလာခဲ့ပါသည်။

ယခုရရှိသော အစီအစဉ်ကို ထပ်မံရရှိသောကိန်းဂဏန်းအချက်အလက်များ ထပ်မံဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်ပြည့်စုံလာမည်ဖြစ်ပါသည်။ ဤလုပ်ငန်းစဉ်သည် ထပ်မံဖြည့်စွပ်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု ထက်ဝန်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုလုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရမည်ဖြစ်သည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ပံ့ပိုးမှုများ ဆက်လက်ရရှိမည်ဟု မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာတိုးတက်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိမည်ဟုယုံကြည်မိပါသည်။

**နိုဝင်ဘာလ၊ ၂၀၂၁**

**မိကျောင်းချောင်းကျေးရွာ**

**ဘုတ်ပြင်းမြို့နယ်**

## ၂။ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော်သည့် အစီအစဉ်ဖြစ်ပါသည်။ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်းသတင်း အချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြသည်။ ထို့အပြင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးနှင့် ဌာနဆိုင်ရာများမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိလာကြသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးအခြေအနေနှင့် ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာဖြစ်ရသည့်အကြောင်းရင်းများ၊ ဖွံ့ဖြိုးရေးကို အထောက်အပံ့ဖြစ်စေသော အကြောင်းအရာများနှင့် အဟန့်အတားဖြစ်စေသောအရာများ၊ ငါးနှစ်တာကာလအပြီးတွင် ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေဖြင့် ဆောင်ရွက်မည့် နည်းဗျူဟာများနှင့် စီမံချက်များကို ရှင်းလင်းစွာဖော်ပြထားသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်ဆံရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ဖွံ့ဖြိုးရေးနှင့် ဆက်နွယ်သူအားလုံးတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုကို သိရှိစေရန်မျှော်လင့်ပါသည်။

## မိကျောင်းချောင်းကျေးရွာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ကော်မတီဝင်များစာရင်း

| စဉ် | အမည် | တာဝန် | မှတ်ပုံတင်အမှတ် | အလုပ်အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ဦးခင်မောင်ဦး | ဥက္ကဋ္ဌ | ၆/ဘပန(နိုင်)၀၁၉၄၃၇ | ရေလုပ်ငန်း | |
| ၂ | ဒေါ်မူမူပွင့် | အတွင်းရေးမှူး | ၆/ဘပန(နိုင်)၀၃၈၉၈၆ | ရေလုပ်ငန်း | |
| ၃ | ဒေါ်အေးယုနိုင် | ဘဏ္ဍာရေးမှူး | ၆/ဘပန(နိုင်)၀၁၀၉၄၈ | ရောင်းဝယ် | |
| ၄ | ဦးဝင်းဇော် | စာရင်းကိုင် | ၆/ဘပန(နိုင်)၀၂၃၃၉၄ | ရောင်းဝယ် | |
| ၅ | ဦးရာဟီယား | အဖွဲ့ဝင် | ၆/ဘပန(နိုင်)၀၅၆၇၁၉ | ရေလုပ်ငန်း | |
| ၆ | ဦးစိုးဝင်း | အဖွဲ့ဝင် | ၆/ဘပန(နိုင်)၀၂၃၃၉၆ | ရောင်းဝယ် | |
| ၇ | ဦးဘဖြူ | အဖွဲ့ဝင် | ၆/ဘပန(နိုင်)၀၁၈၀၈၉ | ရောင်းဝယ် | |
| | **စုစုပေါင်း** | (၇)ဦး | | | |

## ၃။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

မိကျောင်းချောင်းကျေးရွာသည် ဘုတ်ပြင်းမြို့၏ အနောက်မြောက်ဘက် ၃၀ မိုင် အကွာခန့်တွင် တည်ရှိသည်။ ရွာ၏ အနောက်ဘက်တွင် ကရင်စုကျေးရွာ၊ အရှေ့ဘက်တွင် စတိန်ကျေးရွာ၊ အရှေ့မြောက်ဘက်တွင် သံဖုံးကျေးရွာတို့နှင့် ထိစပ်နေသည်။ လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ဘုတ်ပြင်းမြို့သို့ ပွင့်လင်းရာသီများတွင် ကုန်းလမ်းခရီးအပြင် ရေလမ်းခရီးနှင့် သွားလာနိုင်ပြီး မိုးရာသီတွင် ရွာချင်းဆက်လမ်းများ ပျက်စီးနေတတ်ပါသည်။ ရာသီဥတုမှာ ဘုတ်ပြင်းမြို့နှင့် တူညီမှုရှိပြီး မိုးများသောဒေသဖြစ်ပါသည်။



### (ခ) သဘာဝအရင်းမြစ်များ

ရွာတွင်းတွင် စမ်းချောင်းရှိသော်လည်း နွေရာသီတွင် ရေလုံလောက်မှုမရှိခြင်းကြောင့် အခက်အခဲများကြုံတွေ့ရပါသည်။ ကျန်းမာရေးဆိုးဆိုးဝါးဝါးဖြစ်ပေါ်ပါက ဘုတ်ပြင်းမြို့နယ် ဆေးရုံသို့သာ တက်ရောက် ဆေးကုသကြပါသည်။

**အရင်းမြစ်ပြမြေပုံ**



## ၄။ စီမံကိန်းဇယားများ

**ကျေးရွာ- မိကျောင်းချောင်း** **အုပ်စု - စတိန်** **ရက်စွဲ ၂၅.၁၁.၂၀၂၂**

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**

**(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၇ | ၈ | ၁၅ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၂၀ | ၁၁ | ၃၁ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၂၃ | ၂၃ | ၄၆ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၃၂ | ၁၆ | ၄၈ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၆၈ | ၈၂ | ၁၅၀ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်အို | ၆ | ၄ | ၁၀ |
| **စုစုပေါင်း** | | **၁၅၆** | **၁၄၄** | **၃၀၀** |
| **စုစုပေါင်းအိမ်ထောင်စု** | | **၇၆** | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ မိကျောင်းချောင်းကျေးရွာတွင် အိမ်ထောင်စု (၇၆) စု ရှိပြီး၊ လူဦးရေ စုစုပေါင်း (၃၀၀) ဦး ရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၄.၆) ဦး ရှိပါသည်။ အသက် (၁၅ နှစ် မှ ၆၄ နှစ်) အထိ အလုပ်လုပ် နိုင်သော လူဦးရေမှာ ၅၉% ရှိပြီး (၁၅) နှစ်အောက် လူဦးရေနှင့် အသက် (၆၀) နှစ်အထက် လူဦးရေ စုစုပေါင်း ၄၁% ကျော်သည် မှီခိုသူများ ဖြစ်ကြပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၄.၆) ဦးနှုန်း ရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၅) ဦး နှုန်းထက် လျော့နည်းနေပါသည်။ သို့သော်လည်း ကျေးရွာအတွင်း လုပ်အားအရင်းအမြစ် ရှိသည်ဖြစ်သောကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာလျှင် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးအတွက် အထောက်အကူ ပေးနိုင်ပါသည်။

**(ခ) အလုပ်လုပ်နိုင်သူ အင်အား**

**(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ(ဦးရေ) | အဓိက လုပ်ငန်း၏ ရပ်တည်နိုင်မှု (မြင့်/လတ်/နိမ့်) |
|---|---|---|---|---|---|
| | | **အိမ်ထောင်စု** | **မိသားစုဝင် လုပ်အား** | | |
| ၁ | **စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၆ | ၁၀ | - | လတ် (ဥယျာဉ်ခြံ) |
| | အလုပ်သမား/ဝန်ထမ်း | ၂ | ၂ | ၁ | နိမ့်(တောခုတ်) |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | ၃ | နိမ့်(ကြက်၊ဝက်) |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ(ဦးရေ) | အဓိက လုပ်ငန်း၏ ရပ်တည်နိုင်မှု (မြင့်/လတ်/နိမ့်) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၃ | **ငါးလုပ်ငန်း(ရေချို/ရေငန်ငါး/ပုဇွန်စသော ရေသတ္တဝါများ ဖမ်းခြင်း မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅၉ | ၆၈ | ၁ | နိမ့် (ပုဇွန်ပိုက်၊ ရာသီပေါ်ဂဏန်းထောင်) |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | |
| ၄ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | |
| ၅ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | |
| ၆ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၂ | - | လတ်(ရေရောင်း) |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | |
| ၇ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | |
| ၈ | **ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | |
| ၉ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | |
| ၁၀ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၈ | ၂ | မြင့် (ကုန်စုံဆိုင်၊ လက်ဖက်ရည်ဆိုင်၊ဈေးရောင်း) |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | |
| ၁၁ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | |
| ၁၂ | **ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | |
| ၁၃ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | ၁ | |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | |
| ၁၄ | **အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ(ဦးရေ) | အဓိက လုပ်ငန်း၏ ရပ်တည်နိုင်မှု (မြင့်/လတ်/နိမ့်) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | |
| ၁၅ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | |
| ၁၆ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | |
| | အလုပ်သမား/ဝန်ထမ်း | - | - | ၂ | နိမ့် (ဆရာမ) |
| ၁၇ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | |
| ၁၈ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | |
| ၁၉ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား/ဝန်ထမ်း | | | | |
| ၂၀ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies, etc.,)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | |
| | အလုပ်သမား/ဝန်ထမ်း | ၁ | ၁ | - | လတ် |
| ၂၁ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | | | |
| | အလုပ်သမား/ဝန်ထမ်း | | | | |
| | **စုစုပေါင်း** | ၇၆ | ၉၁ | ၁၀ | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ မိကျောင်းချောင်းကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေစုစုပေါင်းမှာ (၁၅၀) ဦးဖြစ်ပြီး ကျား (၆၈) ဦး နှင့် မ (၈၂) ဦး ရှိသောကြောင့် အမျိုးသား နှင့် အမျိုးသမီး လုပ်သားအင်အားမှာ အနည်းငယ်ကွာခြားပါသည်။ မိကျောင်းချောင်းကျေးရွာတွင် ရေလုပ်ငန်း(ပုစွန်ဖမ်း၊ ကဏန်းဖမ်း)ကို အဓိကထား လုပ်ကိုင်ကြသည်ကို တွေ့ရှိရပြီး ကျေးရွာရှိ အိမ်ထောင်စုအားလုံး၏ ၇၇.၆% ရှိသည်ကို တွေ့ရှိရပါသည်။ ရေလုပ်ငန်းအပေါ် ရပ်တည်မှုသည် နိမ့်ပါသည်။ အကြောင်းအရင်းမှာအလုပ်အကိုင် ရှိသော်လည်းဈေးကွက်ချုပ်ကိုင်ခံထားရခြင်း၊ သူဌေးတစ်ဦးထံတွင်လုပ်ငန်း လုပ်ရန် လုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူရန် ချေးထားသော ငွေများကိုရလာသောရေထွက် ပစ္စည်း များကို မူလဈေး အောက်လျှော့ဈေးဖြင့် သွင်းရခြင်း၊ ငါးပုဇွန်သယံဇာတများ ရှားပါးလာခြင်း တို့ကြောင့် ဖြစ်သည်။ မီးသွေးထုတ်လုပ် ရန်အတွက် လိုအပ်သော သစ်များကို အခြားရွာများမှလူများသည် အလွန်အကျွံလာရောက်ထုတ်ယူခြင်းကြောင့် ဒီရေတောနှင့် စားကျက်များ ပျက်စီးလာကြပြီး ငါးပုဇွန် သယံဇာတ ရှားပါလာမှုကို ဖြစ်ပေါ်စေပါသည်။

## (ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၁၂၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | အခြားရွာများတွင် တောခုတ် |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - | မရှိ |
| ၃ | ငါးလုပ်ငန်း - ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း | နေ့စား | - | - | - | - | မရှိ |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | - | - | - | - | မရှိ |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - | မရှိ |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | - | - | - | - | မရှိ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - | မရှိ |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | - | - | - | တစ်နိုင်တစ်ပိုင် |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | - | - | - | - | မရှိ |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | - | - | - | - | မရှိ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်**

(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ အမျိုးသား အမျိုးသမီး လုပ်အားတူမျှမှု မရှိသောကြောင့် လုပ်အားခ တန်းတူမရရှိပေ။ အမျိုးသမီးအများစုမှာ အိမ်မှုကိစ္စသာ ပြုလုပ်ကြပြီး အပြင်ထွက်ပြီး အလုပ်လုပ်ကြသည်မှာ ရှားပါးပါသည်။ အခြားကျေးရွာမှ တောခုတ်ရန် အလုပ်သမားလာရောက်ခေါ်ယူမှသာ သွားရောက်လုပ်ကိုင်နိုင်ကြသည်။ ကျေးရွာအတွင်း ကိုယ်ပိုင်အလုပ်၊ ရေလုပ်ငန်း အလုပ်များသာ လုပ်ကိုင်ကြပြီး ပြင်ပထွက် အလုပ်လုပ်ကိုင်သူ နည်းပါးပါသည်။

ရေလုပ်ငန်း လုပ်ကိုင်ရာတွင် လှေရှင်သည် စရိတ်များနှင့် လှေ၊ စက်၊ ပိုက်များကို စိုက်ထုတ်ရသောကြောင့် ရရှိလာသော ဝင်ငွေ၏ နှစ်ပုံအား ရယူပြီး အလုပ်သမားလုပ်ကိုင်သူက ရရှိလာသော ဝင်ငွေ၏ သုံးပုံတစ်ပုံအား လုပ်အားခ အဖြစ် ရရှိပါသည်။

## (ဂ)　သဘာဝ ရင်းမြစ်များ

### (ဂ-၁)　စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (ကောင်း/သင့်/ညံ့) |
|---|---|---|
| လယ်မြေ | - | - |
| ယာမြေ/တောင်ယာမြေ | - | - |
| ဥယျာဉ်ခြံမြေ | ၁၇၀ | ညံ့ |
| ကိုင်း/ကျွန်းမြေ | - | - |
| ဓနိတောမြေ | ၂၀ | သင့် |
| စားကျက်မြေ | - | - |
| ပလပ်မြေ | - | - |
| **စုစုပေါင်း** | **၁၉၀** | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**မှတ်ချက်။**　။ ရေအရင်းအမြစ် - ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

**လေ့လာတွေ့ရှိချက်။**　။ မိကျောင်းချောင်းကျေးရွာသည် စိုက်ပျိုးရေး မွေးမြူရေးအတွက် မြေနေရာခက်ခဲသောကျေးရွာဖြစ်သည်။ စိုက်ပျိုးရန်မြေနေရာမရှိသည့်အပြင် ရှိသောမြေအနည်းငယ်မှာလည်းစိုက်ပျိုးရန် မြေဆီလွှာညံ့ပါသည်။နွေရာသီတွင် ရေရရှိမှုမရှိသောကြောင့် မိုးတွင်းကာလတွင် မိုးစပါးများကို စိုက်ပျိုးကြပါသည်။

### (ဂ-၂)　ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | အသုံးချနိုင်မှု (လွယ်/ခက်/အသုံးမပြုနိုင်ပါ) |
|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက် သယံဇာတများ (ဓာတ်ငွေ့/ရေနံ/ကျောက်မျက်စသည်) | မရှိ | - |
| ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ | မရှိ | - |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | မရှိ | - |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ) | မရှိ | - |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ မိကျောင်းချောင်းကျေးရွာသည် ရေချိုရေငန်စပ်ချောင်းနှင့် နုံမြေများပေါ်တွင် ကြွံတံတား လမ်းများဖြင့် တည်ထားသောရွာဖြစ်သည်။ ထိုကျေးရွာတွင် သဘာဝတိရစ္ဆာန်မျိုးစိတ်များ၊ သဘာဝဆေးဘက်ဝင်အပင်များ မရှိပါ။

**(ဃ) ဥစ္စာဓနအဆင့် အခြေအနေ**

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၁၀ဧက | ၄ဧက | မရှိ | မရှိ |
| အိမ်အခြေအနေ | ပျဉ်ထောင်၊ခြေတိုင်ရှည်၊ သွပ်မိုး | ပျဉ်ထောင်၊ခြေတိုင်ရှည်၊ ဖက်မိုး | ပျဉ်ထောင်၊ခြေတိုင်ရှည်၊ဖက်မိုး | ပျဉ်ထောင်၊ခြေတိုင်ရှည်၊ ဖက်မိုး(အချို့မှာအိမ်မရှိ) |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | လှေ နှင့် ရေ လုပ်ငန်းပစ္စည်း | လှေ နှင့် ရေလုပ်ငန်းပစ္စည်း | လှေနှင့် ရေ လုပ်ငန်းပစ္စည်း | လှေ နှင့် ရေလုပ်ငန်းပစ္စည်း |
| အဓိကစီးပွားရေး လုပ်ငန်း | ရေလုပ်ငန်း နှင့် ဈေးဆိုင်ရောင်း | ရေလုပ်ငန်း | ရေလုပ်ငန်း | လှေ နှင့် ရေလုပ်ငန်းပစ္စည်း |
| အိမ်ထောင်စု - | ၁၅ | ၂၅ | ၁၇ | ၁၀ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ မိကျောင်းချောင်းကျေးရွာတွင် အဆင်ပြေသောမိသားစုမှာ နည်းပါးပြီး ဥယျာဉ်ခြံမြေနှင့် လယ်မြေအချို့ပိုင်ဆိုင်ကြသော်လည်း ကုန်စုံဆိုင်ရောင်းခြင်း၊ ရေလုပ်ငန်းလုပ်ကိုင်ခြင်းတို့ဖြင့်အဓိက အသက်မွေးဝမ်းကျောင်းပြုကြသည်။ ကုန်းလမ်းဖြင့်လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောကြောင့် ဆိုင်ကယ်များဝယ်ယူခြင်းလည်းနည်းပါးပါသည်။အလယ်အလတ်ရှိသော အိမ်ထောင်စုမှစ၍ အလွန်ဆင်းရဲသော အိမ်ထောင်စုများ၏ နေအိမ်အချို့မှာ ကျေးရွာရှိအိမ်အချို့မှာ သူဌေးတစ်ဦးမှ ပိုင်ဆိုင်ပြီးပေးနေထားသောအိမ်များဖြစ်ကာ၊ ရေလုပ်ငန်းသုံးပစ္စည်းများမှာလည်း သူဌေးမှ အကြွေးဖြင့် ထုတ်ပေးထားသော ပစ္စည်းဖြစ်သည်။

**(င) ထိခိုက်လွယ်မှု**

**(င-၁) ဝမ်းစာ ဖူလုံမှု**

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ |
|---|---|---|
| ၃ လ အောက် ဝမ်းစာဖူလုံမှု | - | - |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | ၂ | ကျေးရွာရှိသူဌေးထံတွင် ငွေချေးခြင်း |
| ၆ လ မှ ၁၂ လ အထိ ဝမ်းစာဖူလုံမှု | ၁၂ | ကျေးရွာရှိသူဌေးထံတွင် ငွေချေးခြင်း |

ရင်းမြစ်..ဉစ္စာခနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင်းရှိမိသားစုအများစုမှာ တစ်နေ့လုပ်တစ်နေ့စား ရေလုပ်သား များဖြစ်ကာ မိုးတွင်းရာသီဥတုဆိုးရွားချိန်နှင့် ကျန်းမာရေးမကောင်းသည့် အချိန်များတွင် စားဝတ် နေရေးဖြေရှင်းရန် သူဌေးထံတွင် ငွေများချေးယူသုံးစွဲကြသည်။ လှေနှင့်ရေလုပ်ငန်းသုံးပစ္စည်းဝယ် ယူရန် သူဌေးထံတွင် ငွေများလည်းချေးယူခဲ့ပါသည်။ ရေထွက်ပစ္စည်းများကိုလည်း ဈေးတစ်ဝက်နိမ့် ကာ ရောင်းရသဖြင့် ရွာသားများတွင် တိုးတက်နိုင်ချေနည်းပါးကာ အကြွေးများနစ်နေကြပါသည်။

## (င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၅ နှစ်နှင့်အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | **အိမ်ထောင်စု အရေအတွက်** | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၅ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | - | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | - | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ မိကျောင်းချောင်းကျေးရွာတွင် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော သက်ကြီးရွယ်အိုများ မရှိကြပေ။ ဆင်းရဲသော အိမ်ထောင်စု အများစုမှာ အရင်းအနှီး မရှိခြင်း၊ ပုံမှန် အလုပ်မရှိကြခြင်း၊ ကျပန်းအလုပ်များသာ လုပ်တတ်ခြင်း၊ အမျိုးသမီးများသာ ရှိသည့်အိမ်များတွင် ပင်လယ်ထွက်၍ ငါးဖမ်းလုပ်ကိုင်ရန် အဆင်မပြေခြင်းတို့ကြောင့်ဖြစ်ပါသည်။

## (င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (မရှိ/ နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် | ရွာတွင်းရှိဆိုင်ကြီးများပိတ်လျှင် |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် | တိုးချဲ့ရန်မြေနေရာမရှိ/စိုက်ပျိုးရေမရှိ |
| ၃ | ရေကြီးခြင်း | နိမ့် | ဒီရေရောက်ခြင်းများရှိသည်။ |
| ၄ | မိုးခေါင်ခြင်း | - | - |
| ၅ | အအေးလွန်ကဲခြင်း | - | - |
| ၆ | မုန်တိုင်း | နိမ့် | တစ်ခါတစ်ရံ |
| ၇ | လျှော် | မရှိ | - |
| ၈ | မီးဘေး | မရှိ | - |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (မရှိ/ နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၉ | ဆားငန်ရေဝင်မြေ | မြင့် | ကမ်းရိုးတမ်းရွာဖြစ်၍ နှစ်စဉ် ရေဝင် |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု | မရှိ | - |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် | ဒီရေတော ပျက်စီးမှု မြင့်တက်လာပါသည်။ |
| ၁၂ | ငှက်ဖျားရောဂါ | မရှိ | ကျန်းမာရေးဦးစီးဌာနမှ နှစ်စဉ် ကာကွယ်ဆေး ထိုးပေးပါသည်။ |
| ၁၃ | တီဘီရောဂါ | နိမ့် | - |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မရှိ | - |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မရှိ | - |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် | နှစ်စဉ်ကြက်နာ/ဝက်နာဖြစ်ပွားမှုများသည် |
| ၁၇ | လူကုန်ကူးခြင်း | မြင့် | ထိုင်းနိုင်ငံသို့လူကုန်ကူးခြင်း |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေးခက်ခဲ စသည် | မြင့် | ဘုတ်ပြင်းမြို့နှင့် မိုင်၂၀ခန့် ကွာဝေးပါသည်။ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။မိကျောင်းချောင်းကျေးရွာသည် လမ်းပန်းဆက်သွယ်ရေးခက်ခဲသဖြင့် ရွာတွင်းနေလူများသည်ဝမ်းစာအတွက် ကုန်ပစ္စည်းများကိုရွာတွင်းဈေးဆိုင်များတွင် ဝယ်ယူစားသုံးကြသည်။ ထိုဆိုင်များပိတ်လျှင် စားနပ်ရိက္ခာမဖူလုံမှုများ ဖြစ်နိုင်ပါသည်။ကျေးရွာတွင်းတွင် စိုက်ပျိုးမြေနှင့် စိုက်ပျိုးရေရှားပါးမှုမှာမြင့်မားပါသည်။ မီးသွေးထုတ်လုပ်ရန် အနီးအနားရွာများမှ သစ်ပင်များလာရောက်ခုတ်ယူကြသဖြင့် ဒီရေတောပြုန်းတီးမှုများမြင့်လာပါသည်။ ဆားငန်ရေဝပ်ခြင်းများကြောင့်စိုက်ပျိုးရေးနှင့် မွေးမြူရေးအတွက် ထိခိုက်သက်ရောက်မှုမြင့်ပါသည်။

## (င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မရှိ/နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | မြင့် | မူးယစ်ဆေးဝါးသုံးစွဲမှုမြင့်မား |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မရှိ | - |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မရှိ | - |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင် သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြော သောဒေသတွင် နေထိုင်သူ | မရှိ | - |
| ၅ | ချောင်းနံဘေး နေထိုင်သူများ | လတ် | ကလေးသူငယ်များသည် ကြွလမ်းများမှပြုတ်ကျ နိုင်သည်။ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | လတ် | အိမ်တွင်းသို့ ရေများဝင်နိုင်သည်။ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မရှိ | - |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မရှိ | - |
| ၉ | ငါးကန်ပိုင်ရှင် | မရှိ | - |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မရှိ/နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | မရှိ | - |
| ၁၁ | လူနည်းစုလူမျိုးများ | - | - |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | - | - |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မရှိ | - |
| ၁၄ | ရွှေတွင်းလုပ်သား | - | - |
| ၁၅ | ဆေးစွဲသူများ | - | - |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသော သူများ | မရှိ | - |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မရှိ | - |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မရှိ | - |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မရှိ | - |
| ၂၀ | ကားသမား | - | - |
| ၂၁ | အခြား | - | - |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင်းတွင်လူငယ်များမှာ အတန်းပညာတတ်မြောက်မှု နည်းပါး ကာ မူးယစ်ဆေးဝါးဝယ်ယူရန် လွယ်ကူသောကြောင့် မူးယစ်ဆေးဝါးသုံးစွဲမှုများသည်ကိုတွေ့ရပါသည်။မိကျောင်းချောင်းကျေးရွာသည် ပင်လယ်ကမ်းခြေရွာဖြစ်သောကြောင့် သဘာဝဘေးအန္တရာယ်များအချိန်မရွေး ကျရောက်နိုင်ပါသည်။

### (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

### (က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

### (က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် | စွမ်းဆောင်နိုင်မှု (ကောင်း/ သင့်/ညံ့) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | ကာလသမီးအဖွဲ့ | ၃ | - | ၁၀ | ၁၀ | ဧည့်ခံကျွေးမွေး | သင့် |
| ၂ | ကာလသားအဖွဲ့ | ၃ | ၁၅ | - | ၁၅ | သာရေးနာရေး | သင့် |
| ၃ | မိန်းမကြီးအဖွဲ့ | ၃ | - | ၁၀ | ၁၀ | သာရေးနာရေး | သင့် |
| ၄ | နာရေးအဖွဲ့ | ၂ | ၇ | - | ၇ | နာရေး | သင့် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ**

(၄) ကောင်း - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။

(၅) သင့် - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့ စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။

(၆) ညံ့ (အားနည်း) - ကြုံသလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထားရှိခြင်း။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင်း အဖွဲ့များသည် ကျေးရွာ၏ သာရေးနာရေးကိစ္စရပ်များတွင် အများအားဖြင့် ပါဝင်လုပ်ဆောင်ကြပြီး ကျေးရွာဖွံ့ဖြိုးရေးကိစ္စများတွင် ပါဝင်မှုအားနည်းကြပါသည်။

## (က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်း အမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| ၃ | ERLIP | ၄ | ကျေးလက်အသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေမြင့်တင်ရေး (၂၀၁၆-၁၇) |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။**

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

**လေ့လာတွေ့ရှိချက်။** ။ မိကျောင်းချောင်းကျေးရွာတွင် လတ်တလောအကျိုးရှိဆုံးမှာ ERLIP အဖွဲ့ဖြစ်ပါသည်။ERLIP အဖွဲ့သည် ကျေးရွာ၏ အသက်မွေး ဝမ်းကျောင်းနှင့် အခြေခံအဆောက် အဦ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အဓိကလုပ်ဆောင် ပါသည်။ကျေးရွာဖွံ့ဖြိုးရေးအတွက် အဓိက လုပ်ဆောင်လိုသည်များမှာ အမှန်တကယ် လုပ်ဆောင်နိုင်သည့်သူများ ပါဝင်သည့် ကော်မတီ များကို ပြန်လည်ဖွဲ့စည်းရန် လိုအပ်ပါသည်။ ERLIP အဖွဲ့သည် (၃) နှစ် စီမံကိန်းအဖြစ် ရှိနေပါသည်။ကျေးရွာတွင် အခြားအဖွဲ့အစည်းများ ဝင်ရောက်ခြင်း မရှိသည်ကို တွေ့ရပါသည်။

## (ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

## (ခ-၁) သီးနှံထုတ်လုပ်ရေး

### (၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|
| ၁ | မြေယာမဲ့ | ၅၅ | မြေမဲ့ယာမဲ့ |

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|
| ၂ | ၂.၅ ဧက အောက် | ၁ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧက အောက် | ၆ | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧက အောက် | ၁၀ | အလယ်အလတ်စား တောင်သူ |
| ၅ | ၁၂.၅ ဧက အထက် | ၄ | တောင်သူကြီး |
| ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | | ၇၆ | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။မိကျောင်းချောင်းကျေးရွာရှိ အိမ်ထောင်စု အများစုသည် ရေလုပ်ငန်း ကိုသာ ဦးစားပေးလုပ်ကိုင်ကြသော်လည်း အချို့အိမ်ထောင်စုများမှာ ဥယျာဉ်ခြံလုပ်ငန်းကို တွဲဘက် လုပ်ကိုင်ကြသည်။ စိုက်ပျိုးမြေဧက ပိုင်ဆိုင်သော တောင်သူလယ်သမား အိမ်ထောင်စုသည် စုစု ပေါင်း၏ (၂၇.၆%) ရှိ၍လယ်နှင့် ကွမ်းသီးပင်များစိုက်ပျိုးကြပါသည်။

## (၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | အရင်းအမြစ် | ရေသောက်ဧက | ရရှိနိုင်မှု | |
|---|---|---|---|---|
| | | | တနှစ်ပတ်လုံး/ ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
| ၁ | ဆည် | - | - | - |
| ၂ | ရေလွှဲဆည် | - | - | - |
| ၃ | မြစ်ရေတင်စီမံကိန်း | - | - | - |
| ၄ | ရေသွင်းမြောင်း | - | - | - |
| ၅ | အဝီစိတွင်း | - | - | - |
| ၆ | လက်ငင် ရေတွင်း | - | - | - |
| ၇ | စိမ့်စမ်းရေ | - | - | - |
| ၈ | ချောင်းရေ | - | - | - |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ဘုတ်ပြင်းမြို့နယ်အတွင်းမှာ စိုက်ပျိုးရေးအတွက်ရည်ရွယ်၍ တည်ဆောက်ပေးထားသော ဆည်များမရှိပါ။ မိကျောင်းချောင်းကျေးရွာတွင် စိုက်ပျိုးရေးလုပ်ကိုင်သူမှာ အနည်းငယ်သာရှိပြီး မိုးရာသီတွင် မိုးရေဖြင့်သာ အသုံးပြုကြသည်။

## (၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | သီးနှံ စိုက်ပျိုးသည့်ကာလ | | သွင်းအားစု လိုအပ်ချက် (နည်း/လတ်/ များ) | အမြတ် ရရှိနိုင်မှု (နည်း/ လတ်/ များ) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | မှ | ထိ | | | |
| ကွမ်းသီး | ၁၇၀ | ပိဿာ | ၃၀၀ | ၅၀၀ | ၄၀၀ | ၆ | ၈ | များ | များ | အများစု စိုက်ပျိုးဆဲ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ မိကျောင်းချောင်းကျေးရွာရှိ အိမ်ထောင်စုများ ပိုင်ဆိုင်သော စိုက်ပျိုးခြံများ ကွမ်းသီးကိုသာ စိုက်ပျိုးကြပြီး ဖွန်လမှ ဩဂုတ်လထိစိုက်ပျိုးကြသည်။ တစ်ဧက အထွက်နှုန်းမှာ ပျမ်းမျှအားဖြင့်(၄၀၀)ပိဿာခန့်လောက် ထွက်ပါသည်။ သွင်းအားစုလိုအပ်ချက်မှာ များသည်။ အကျိုးမြတ်ခံစားခွင့်မှာရေရှည်ပြီး အမြတ်ရရှိမှုမှာလည်းများပါသည်။ယခုတွင်ဥယျာဉ် အများစုမှာ စတင်စိုက်ပျိုးကာစများဖြစ်သောကြောင့် အကျိုးမြတ်ခံစားခွင့်မှာလည်း နည်းပါးသေး သည်။

## (၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | တစ်ဦးချင်းပိုင် | ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက် | မှတ်ချက်/ အခြေအနေ |
|---|---|---|---|
| ထွန်စက် | - | - | |
| လက်တွန်းထွန်စက် | - | - | |
| အစေ့ချ ကိရိယာ | - | - | |
| ရိတ်သိမ်းခြွေလှေ့စက် | - | - | |
| ရိတ်သိမ်းစက် | - | - | |
| ခြွေလှေ့စက် | - | - | |
| ရေစုပ်စက် | - | - | |
| ခြေနင်းရေတင်စက် | - | - | |
| မြက်ရိတ်စက် | ၅ | - | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ မိကျောင်းချောင်းကျေးရွာတွင် စိုက်ပျိုးရေးလုပ်သောအိမ်ထောင်စုများ မှာ လူအားဖြင့်သာတောခုတ်ရှင်းလင်းခြင်း၊ အငှားလုပ်သားများဖြင့် ရှင်းလင်းခြင်းတို့လုပ်ကြပါ သည်။

## (၅) သီးနှံအထွက်နှုန်း တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| အခြေအနေ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| ရာသီဥတုအနေအထား | |
| လယ်ယာမြေအသုံးချနိုင်မှု | |
| စိုက်ပျိုးမြေအရင်းအမြစ် | |
| ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု | |
| သီးနှံမျိုးစေ့ရရှိနိုင်မှု | |
| သဘာဝမြေဆွေး/အော်ဂဲလ်နစ်မြေဩဇာနှင့် အခြားအော်ဂဲနစ်သွင်းအားစုများ | |
| ဓါတုပိုးသတ်ဆေး၊ဓါတ်မြေဩဇာနှင့်အခြား ဓါတုဗေဒသွင်းအားစုများ | |

| အခြေအနေ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| လုပ်သားရရှိနိုင်မှု | |
| နည်းပညာဝန်ဆောင်မှုများ | လက်လှမ်းမမှီပါ |
| သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု | သီးနှံပွဲစားများကို အလွယ်တကူ ဆက်သွယ် ရောင်းချနိုင်ကြောင့် ဈေးကွက် အခွင့်အလမ်းများ ရှိနေပါသည်။ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ မိကျောင်းချောင်းကျေးရွာတွင် သီးနှံထုတ်လုပ်မှု တိုးတက်ရန်အတွက် အဓိကအကျဆုံးသော စိုက်ပျိုးမြေရရှိနိုင်ရန်နှင့် စိုက်ပျိုးရေရရှိနိုင်ရန်တို့မှာ အလွန်ခက်ခဲပါသည်။ ရေငန်ဝင်သောချောင်းဝတွင်တည်ရှိသောကျေးရွာဖြစ်သဖြင့် ရေငန်ဝင်သောမြေများသာရှိသည်။ ထို့ကြောင့် စိုက်ပျိုးရေး လုပ်ငန်းတွင် သီးနှံထုတ်လုပ်ရန် အခွင့်အလမ်းများမရှိပါ။ စိုက်ပျိုးရေးလုပ်ကိုင်သောအိမ်ထောင်စုများမှာ အခြားရွာအနီးတွင် ပိုင်ဆိုင်ကြခြင်းဖြစ်သည်။ ရွာထွက်ကွမ်းသီးများကို အနီးရှိကျေးရွာဖြစ်သော ထောင်ရိပ် ကျေးရွာသို့လည်းကောင်း၊ မြိတ်မြို့သို့လည်းကောင်း ရောင်းချကြသည်။

## (၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာနှင့်အခက်အခဲများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| ရာသီဥတုအနေအထား | မိုးများသည့်ဒေသဖြစ်ပါသည်။ |
| လယ်ယာမြေအသုံးချနိုင်မှု | ရေငန်ဝင်ရောက်သောကြောင့် မြေဆီလွှာမကောင်းပါ။ |
| စိုက်ပျိုးမြေအရင်းအမြစ် | - |
| ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု | - |
| သီးနှံမျိုးစေ့ရရှိနိုင်မှု | စပါးနှင့်ကွမ်းဖျက်ပိုးများကျရောက်မှုရှိပါသည်။ |
| သဘာဝမြေဆွေး/အော်ဂဲလ်နစ်မြေသြဇာ နှင့်အခြားအော်ဂဲနစ်သွင်းအားစုများ | |
| ဓါတုပိုးသတ်ဆေး၊ဓါတ်မြေသြဇာ နှင့်အခြားဓါတုဗေဒသွင်းအားစုများ | |
| လုပ်သားရရှိနိုင်မှု | |
| နည်းပညာဝန်ဆောင်မှုများ | နည်းပညာဝန်ဆောင်မှုမရှိပါ။ |
| သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီး ဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ရေငန်ဝင်သောမြေများဖြစ်သောကြောင့် စိုက်ပျိုးရေးအတွက် သီးနှံထုတ်လုပ်မှု အတွက်အခက်ခဲများရှိပါသည်။ စိုက်ပျိုးရေးလုပ်ငန်းများအတွက် မည်သည့်အဖွဲ့စည်းများမှလည်း လာရောက်၍ချေးငွေထုတ်ပေးခြင်း၊ နည်းပညာအကူအညီပေးခြင်းများလည်းမရှိခဲ့ပါ။ စိုက်ပျိုးရေးအတွက် ကျွမ်းကျင်သောလုပ်သားများရှားပါးပါသည်။

## (ခ-၂) မွေးမြူရေးလုပ်ငန်း

## (၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | ကောင်ရေ | မှတ်ချက်/အခြေအနေ |
|---|---|---|---|
| **မွေးမြူရေး** | | | |
| နွား | ၂ | ၂ | |
| နို့စားနွား | - | - | |
| မြင်း | - | - | |
| ကျွဲ | ၆ | ၂၅ | |
| မြည်း | - | - | |
| လား | - | - | |
| ဆိတ် | ၃ | ၂၅ | |
| သိုး | - | - | |
| ဝက် | ၁၇ | ၅၉ | စီးပွားဖြစ် တစ်အိမ်ထောင်စု |
| ကြက် | ၁၀ | ၅၅ | တစ်နိုင်တစ်ပိုင်သာ |
| ဘဲ | - | - | |
| နွားနောက် | - | - | |
| **ငါးလုပ်ငန်း** | | | |
| ငါးကန် | - | - | ငွေကြေးအရင်းအနှီးများ |
| ပုဇွန်ကန် | - | - | မတတ်နိုင်သဖြင့် |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | - | - | |
| ရေချို ငါးဖမ်းလုပ်ငန်း | - | - | |
| ကမ်းနီး ငါးဖမ်းလုပ်ငန်း | ၃၈ | - | ရေလုပ်ငန်းကို အဓိက လုပ်ကိုင်ကြ သည့် အိမ်ထောင်စု |
| | ၇၆ | ၁၆၁ | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ မိကျောင်းချောင်းကျေးရွာတွင် ကျွဲ၊ ဝက်၊ ကြက်စသည့် ဒေသမျိုးများ ကိုသာ အနည်းအကျဥ်းမွေးမြူကြပါသည်။ ရေလုပ်ငန်းကို အဓိက လုပ်ကိုင်သော အိမ်ထောင်စုမှာ ကျေးရွာရှိ အိမ်ထောင်စု၏ ၇၇.၆% ကျော်ရှိပါသည်။ ကျေးရွာတွင်းရှိအိမ်ထောင်စုများမှာ မွေးမြူရေး လုပ်ကိုင်ရန်ငွေကြေးအရင်းအနှီးများ မလုံလောက်ခြင်း၊ မြေနေရာများပင်ပန်းခက်ခဲခြင်းကြောင့် မွေးမြူရေးလုပ်ရန်ခက်ခဲကြသည်။

## (၂) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| စားကျက်မြေ | စားကျက်မြေမရှိ/ရေငန်ဝင်မြေများသာရှိသည်။ |
| ရေရရှိမှု | တိရစ္ဆာန်သောက်သုံးရေမှာ ရေငန်ဝင်သောချောင်းရေသာရှိသည်။ |
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | ဒေသမျိုးစိတ်များသာရှိသည်။ |
| ဈေးငွေ | မွေးမြူရေးလုပ်ငန်းနှင့်ပက်သက်သော ဈေးငွေမရှိပါ။ |
| သွင်းအားစု ဈေးကွက် | မရှိပါ။ |
| နည်းပညာ ဝန်ဆောင်မှု | မည်သည့်အဖွဲ့မှဝန်ဆောင်မှုမရှိပါ |
| ထုတ်ကုန် ရောင်းဝယ်မှု | စီပွါးဖြစ်ထုတ်လုပ်ရောင်းချခြင်းမရှိပါ။ |
| အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု | ကျေးရွာသည် ဒီရေတောထဲတွင်တည်ရှိသောရွာဖြစ်ပြီး အိမ်ခြံမြေမရှိပါ။ |
| အခြား | – |
| **ငါးလုပ်ငန်း** | |
| ငါး၊ပုဇွန်မွေးမြူရန် ရေမြေ အနေအထား | မြေနေရာရှားပါခြင်း |
| ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု | သားဖေါက်မွေးမြူခြင်းမရှိ/ ဒေသတွင်လည်းသားပေါက်ရောင်းဝယ်မှုမရှိပါ။ |
| ဈေးငွေ | လုပ်ငန်းရှင် သူဌေးမှ ကြိုတင်ငွေ ထုတ်ချေးပေးပါသည်။ |
| သွင်းအားစု လက်လှမ်းမီမှု | ရေလုပ်ငန်း သွင်းအားစုများ ဝယ်ယူရန် လက်လှမ်းမှီသော်လည်း ငွေကြေး အခြေအနေအရ ခက်ခဲကြသည် |
| နည်းပညာအကူအညီနှင့် နည်းလမ်းများ | ငါးဖမ်းလိုင်စင်များမရှိပါ။ |
| ထုတ်ကုန် ရောင်းဝယ်မှု | အဝယ်ဒိုင်မှာ ကျေးရွာအတွင်းတွင်ပင် ရှိပါသည်။ |
| ငါးဖမ်းခွင့်ရရှိနိုင်မှု | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။မိကျောင်းချောင်းကျေးရွာတွင် မွေးမြူရေးလုပ်ငန်းကိုအဓိက လုပ်ကိုင်၍ အသက်မွေးဝမ်းကျောင်းပြုသောအိမ်ထောင်စုမရှိပါ။ ကျေးရွာတွင် မြေနေရာရှားပါးမှု ကြောင့်မွေးမြူရေးအခက်အခဲများရှိပါသည်။ ရာသီအလိုက် ငါးဖမ်းကိရိယာများဖြင့် ဖမ်းဆီးနိုင်မည် ဆိုပါက ရေလုပ်ငန်း လုပ်ကိုင်သူများအတွက် ဝင်ငွေတိုးတက်လာမည့် အခွင့်အရေးများ ပိုမို လာနိုင်ပါသည်။ လုပ်ငန်းရှင် သူဌေးမှ လည်း လိုအပ်သော ကြိုတင်ချေးငွေများ ထုတ်ယူနိုင်ပြီး သွင်းအားစုများလည်း ကြိုတင်ရယူနိုင်ပါသည်။ (ဥပမာ - ဒီဇယ်၊ ရေခဲ၊ ပိုက်၊ ရိက္ခာများ စသည်)။ ဖမ်းယူရရှိလာသည့် ကုန်ပစ္စည်း များကိုလည်း လက်ခံဝယ်ယူမည့် အဝယ်ဒိုင်သည်လည်း ရွာတွင်ပင် ရှိပါသည်။ ကုန်ရောင်းဝယ်မှုလမ်းကြောင်းကို ရေလမ်းဖြင့် လက်လှမ်းမီပါသည်။ ထိုကျေးရွာတွင် ကဏန်း၊ ပုစွန်နှင့် ငါးမွေးမြူရေးလုပ်ငန်းတို့သာပြုလုပ်နိုင်မည်။သို့သော် ငွေကြေးအရင်းအနှီးအရ လက်လှမ်း မှီမှုမရှိပါ။

## (၃) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား (၂၁) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

| **ပြဿနာနှင့် စိန်ခေါ်မှုများ** | **ဖော်ပြချက်/ရှင်းလင်းချက်** |
|---|---|
| **မွေးမြူရေး** | |
| ချေးငွေ ရရှိနိုင်မှု | အခက်အခဲ ရှိပါသည်။ |
| ကူးစက်ရောဂါဖြစ်ပွားမှု | ကြက်နာ/ ဝက်နာများ ဖြစ်ပွားမှု မြင့်မားပါသည်။ |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | ဝက်မွေးမြူသည့်နည်းလမ်းများ၊ ကာကွယ်ဆေးထိုးနှံမှုများ ရရှိရန် လိုအပ်နေပါသည်။ |
| စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ အတွက် လိုင်စင်/ လေလံ လက်လှမ်းမီမှု | |
| အခြား | |
| **ငါးလုပ်ငန်း** | |
| ငါးဖမ်းခွင့် ရရှိနိုင်မှု | - |
| ချေးငွေ ရရှိနိုင်မှု | - |
| ထုန်ကုန်များ ရောင်းချနိုင်မှု | ရွာရှိ အဝယ်ဒိုင်တွင် တစ်ပိဿာလျှင် (၈၀၀၀) ကျပ် ဈေးလျော့ရရှိပါသည်။ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာရှိ အိမ်ထောင်စုများတွင် ကြက်၊ ဝက်မွေးမြူရန် နေရာ အခက်အခဲ ရှိပါသည်။ ကျေးရွာ၏ မွေးမြူရေးလုပ်ငန်း တိုးတက်ရန်အတွက် နည်းပညာနှင့် ရောဂါကာကွယ် ထိန်းချုပ်ရန် အထူးလိုအပ်နေပါသည်။ မွေးမြူရေးတိုးချဲ့ လုပ်ကိုင်လိုသော်လည်း ရောဂါကာကွယ် ကုသနည်းများ နားလည်မှု မရှိခြင်း၊ ငွေအရင်းအနှီးလုံလောက်မှု မရှိခြင်း၊မြေနေရာလုံလောက်မှု မရှိခြင်း စသည်တို့က အဟန့်အတား ဖြစ်စေပါသည်။ သို့ပါ၍ ရောဂါကာကွယ်ရေးဆိုင်ရာဝန် ဆောင်မှုများ

ပံ့ပိုးပေးခြင်း၊ မွေးမြူရေးလုပ်ငန်းအတွက် ချေးငွေထုတ်ချေးပေးနိုင်မည့် အဖွဲ့များမှ ကာလရှည်ချေးငွေများ ရရှိခြင်း စသည်တို့ကလည်း မွေးမြူရေးတိုးချဲ့လုပ်ကိုင်ရန် အထောက်အပံ့ ဖြစ်စေနိုင်ပါသည်။

ရေလုပ်ငန်း လုပ်ကိုင်ရာတွင် ဖမ်းဆီး ရရှိလာသော ငါး၊ပုဇွန်များအား လုပ်ငန်းရှင် သူဌေးထံတွင်သာ ပြန်လည်ရောင်းချခွင့် ရှိပြီး၊ ဝယ်ယူသော ကုန်ပစ္စည်းများတွင်လည်း တစ်ပိဿာလျှင် (၅၀၀၀) ကျပ်ခန့် ဈေးလျှော့ထားသည်ကို ကြုံတွေ့နေရပါသည်။ အကယ်၍ ငွေထုတ်ပေးထားသူ လုပ်ငန်းရှင် သူဌေးကို မရောင်းချဘဲ အပြင်ဈေးကွက်တွင် ရောင်းချမည် ဆိုပါ ကလည်း ရောင်းချခွင့်မပေးဘဲ ဥပဒေအရ ၎င်းထံတွင်သာ ငါးလုပ်ငန်းလိုင်စင်ရှိပြီး မရှိသောသူများ ရောင်းချမည်ဆိုပါက တိုင်တန်း ဖမ်းဆီးခွင့်များ ရှိသည်ဟူ၍ ရေလုပ်ငန်းသမားများအပေါ် လွှမ်းမိုးချုပ်ကိုင်ထားပါသည်။ အပြင် ဈေးကွက်တွင် ရောင်းချပါကလည်း လက်ရှိလုပ်ကိုင်နေသော ငါးဖမ်း လှေ၊ စက်၊ ပိုက်များအား ၎င်းမှ ရရန်ရှိသေးသော အကြွေးဖြင့် ပြန်လည်သိမ်းယူခြင်းမျိုးလည်း ရှိပါသည်။ ရေလုပ်ငန်း လုပ်ကိုင်နေသော မိသားစုများ၏ ၉၀% ခန့်သည် ၎င်းလုပ်ငန်းရှင်သူဌေး၏ အကြွေးမီများနှင့် လွတ်ကင်းမှု မရှိကြပေ။ တစ်ချို့မှာနှစ်ပေါင်းများစွာ လုပ်ကိုင်ပြီး ဖြစ်သော်လည်း အကြွေးမီများ မကြေခြင်းမျိုးလည်း ရှိပါသည်။ ရေလုပ်ငန်းမိသားစုများသည် ရရှိလာသော ရေထွက် ကုန်များကို ၎င်းထံတွင် ရောင်းချပါသော်လည်း ငွေကြေးအား အကြွေးဖြင့် ခုနှိမ်ထားပြီး ငွေလိုအပ် သောအချိန် မှသာ ထပ်မံငွေထုတ်ခြင်းမျိုး ပြုလုပ်ပါသည်။ လုပ်ငန်းရှင်သူဌေးသည် သွင်းအားစုများကို ရောင်းချ ပေးထားသော်လည်း ဈေးနှုန်းမြင့်မားခြင်းကြောင့် ဈေးကွက်နှင့် ဈေးနှုန်းများတွင်ပါ လွှမ်းမိုးထား ပါသည်။ ထိုသို့ဖြင့် ရေလုပ်ငန်းလုပ်ကိုင်သူ မိသားစုများသည် ၎င်းလုပ်ငန်းရှင်သူဌေး၏ လွှမ်းမိုး မှုအားလုံးကို ခံစားနေရပါသည်။

မိသားစုများသည် ရရှိလာသော တစ်နေ့တာ ဝင်ငွေအား သုံးစွဲနိုင်ခွင့် မရခြင်းကြောင့် ၎င်းထံတွင်သာ ကုန်ပစ္စည်းများ အကြွေးပြန်လည် ရယူရပါသည်။ ထို့ကြောင့် ရေလုပ်ငန်း မိသားစုများသည် အကြွေး နှင့်ပင် တစ်နှစ်ပတ်လုံး လွတ်ကင်းနိုင်ခြင်း မရှိသလောက် ရှားပါးပါသည်။ ထို့အပြင် ရေလုပ်ငန်းသုံး ပစ္စည်းများ ထောက်ပံ့ချေးငှားရာတွင်လည်း ရာသီအလိုက် လုပ်ငန်းလိုအပ်ချက်အား ချေးငှားပေး ခြင်းမျိုး မဟုတ်ဘဲ ၎င်းအဓိက လိုအပ်သော ကုန်ပစ္စည်းဖြစ်သည့် ဂဏန်းနှင့် ပုဇွန်ပိုက်များကိုသာ ချေးငှားပေးခြင်းကြောင့် ရေလုပ်သားများ ရာသီအလိုက် ချောင်လည်စွာ မလုပ်ကိုင်နိုင်သည့် စိန်ခေါ်မှု တစ်ရပ်လည်း ဖြစ်လာခဲ့သည်။ ရေလုပ်သားများ ဘဝတိုးတက်လာရေးအတွက် အဓိက စိန်ခေါ်ချက်မှာ အရင်းအနှီး လောက်ငှစွာ မတတ်နိုင်ခြင်းနှင့် ဈေးကွက်ကို ချုပ်ကိုင်ခံထားရမှုပင် ဖြစ်သည်။

### (ခ-၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

### (၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| လုပ်သားအင်အားရရှိနိုင်မှု | ကျေးရွာအတွင်း အသက်အုပ်စုများအရ အလုပ်လုပ်နိုင်သူဦးရေမှာ (၅၉) ရာခိုင်နှုန်းရှိနေပြီး အမျိုးသမီးအများစုက အိမ်မှုကိစ္စများကိုသာ လုပ်ကိုင်ကြသည်။ |

| | |
|---|---|
| လယ်ယာသားငါးထွက်ကုန်မဟုတ်သောအခြားဒေသ ထွက်ကုန်များကို ရောင်းချ စျေးကွက်ရှိခြင်း | ကွမ်းသီးစျေးကွက်များ ရရှိပါသည်။ |
| စျေးကွက်ဆိုင်ရာ အသိအမြင်ရှိခြင်း | |
| လမ်းပန်းဆက်သွယ်ရေးအခြေအနေ | ရေလမ်း၊ကုန်လမ်း(၂)မျိုးအသုံးပြုနိုင်သည်။ |
| ကုန်ကြမ်းရရှိမှုအခြေအနေ | ရေထွက်ကုန်ကြမ်းများ အသင့်အတင့် ပေါ်များပါသည်။ (ငါး၊ ရေရှူ၊ ကဏန်း၊ပုစွန်……..) |
| လျှပ်စစ်မီး ရရှိမှုအခြေအနေ | (၂၄)နာရီမီးရရှိပါသည်။ |
| ချေးငွေရရှိမှုအခြေအနေ | |
| အသက်မွေးဝမ်းကျောင်းနည်းပညာဆိုင်ရာနှင့်အသေးစား၊ အလတ်စားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာဝန်ဆောင်မှု ရရှိမှုအခြေအနေ | |
| အလုပ်နှင့်လိုက်လျောညီထွေဖြစ်သော(သို့)အသက်မွေး ဝမ်းကျောင်းပြုနိုင်သောပညာတစ်ခုခုကို တတ်မြောက်မှု အခြေအနေ | |
| အလုပ်အကိုင်အခွင့်အလမ်း | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။အမျိုးသားများ ဝင်ငွေရှာရန် ငါးဖမ်းထွက်ချိန်တွင် အမျိုးသမီးအများစုမှာ အိမ်တွင်းအလုပ်သာ လုပ်ကိုင်ကြပြီး အိမ်မှုကိစ္စမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ (ခူဆေး၊ ကွမ်းသီးခွဲ၊ ဂဏန်းဖမ်း) များစွာ ရှိနေပါသည်။

## (၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား(၂၃)စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများရေးအတွက်ပြဿနာနှင့် အခက်အခဲများ

| ပြဿနာနှင့် အခက်အခဲများ | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| ပညာတတ်မြောက်မှု နည်းပါးခြင်း | မူလတန်း / မူလွန်အဆင့်တွင်သာ ရပ်နားခဲ့ကြသည်။ |
| အလုပ်အကိုင် ရှားပါးခြင်း | ရေလုပ်ငန်းကိုသာ အဓိက လုပ်ကိုင်ကြသည်။ |
| အသက်မွေးဝမ်းကျောင်းပညာ များ တတ်မြောက်မှု နည်းခြင်း | ရေလုပ်ငန်းနှင့်ပတ်သက်သောအခြေခံ လုပ်ငန်းများကိုသာ လုပ်ကိုင်နိုင် ကြပါသည်။ |
| ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင် ရန် နည်းပညာမရှိခြင်း | အခြားစီးပွားရေးလုပ်ငန်းများအတွက် အသိပညာ စဉ်းစားမှု၊ လုံလောက် သော ကျွမ်းကျင်မှု အားနည်းကြပါသည်။ |
| ငွေကြေး အရင်းအနှီး မတတ် နိုင်ခြင်း | အများစုမှာ လုပ်ငန်းများ စတင်လုပ်ကိုင်ရန် ငွေကြေး အရင်းအနှီး လုံလောက်မှု မရှိကြပါ။ |

| ပြဿနာနှင့် အခက်အခဲများ | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| ပညာတတ်မြောက်မှု နည်းပါးခြင်း | မူလတန်း / မူလွန်အဆင့်တွင်သာ ရပ်နားခဲ့ကြသည်။ |
| လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း | မိုးရာသီတွင် ကုန်းလမ်းဖြင့် သွားလာရအလွန်ခက်ခဲသည်/ ရေကြောင်းလမ်းဖြင့်သွားလာရန်စရိတ်များသည်။ |
| လျှပ်စစ်မီး မရရှိခြင်း | ပုဂ္ဂလိက မီးစက်ဖြင့်သာ အချိန်ပိုင်း ရရှိပါသည်။ |
| ဈေးကွက်ဆိုင်ရာ အသိရှိမှု နည်းပါးခြင်း | ရေထွက်ကုန်ဈေးကွက်ကို အဝယ်ဒိုင် တစ်ဦးတည်းမှ ချုပ်ကိုင်ထား ပါသည်။ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ပညာတတ်မြောက်သူဦးရေ နည်းပါးခြင်း၊ ဒေသမှမည်သည့် ထုတ်ကုန်မှ ထုတ်လုပ်မှု မရှိခြင်းနှင့် ဈေးကွက်ဆိုင်ရာ ချိတ်ဆက်မှု အားနည်းခြင်း၊ အသက်မွေးဝမ်းကျောင်း ပညာများ လက်လှမ်းမီမှု အားနည်းခြင်း၊ မိရိုးဖလာ ရေလုပ်ငန်းနှင့် ကျပန်းအလုပ်တို့ကိုသာ အာရုံ စိုက်၍ လုပ်ကိုင် ကြခြင်း၊လုပ်ငန်းအပေါ်မူတည်၍ ထုတ်ချေးပေးသည့် ချေးငွေပမာဏနှင့် ပြန်လည် ပေးဆပ်သည့်ပုံစံကို သတ်မှတ်သည့် ချေးငွေမရှိခြင်းတို့ကြောင့် စိုက်ပျိုးမွေးမြူရေး မဟုတ်သော ဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ ဖြစ်နေပါသည်။ လမ်းပန်းဆက်သွယ် ရေးခက်ခဲခြင်းတို့ကြောင့် စီးပွားရေး လုပ်ငန်းများ တိုးတက်ရန် အခက်အခဲဖြစ်စေပါသည်။

## (ဂ) ရွှေ့ပြောင်းလုပ်သားများ

### (ဂ-၁) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား (၂၄) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

| # | ပုံစံ | အိမ်ထောင်စု အရေအတွက် | ပြည်တွင်း | | | ပြည်ပ | | | လူဦးရေ | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁ | ရွှေ့ပြောင်းလုပ်သား ရှိသော အိမ်ထောင်စုနှင့် လူဦးရေ | | ၂ | ၅ | ၇ | ၁ | ၁ | ၂ | ၃ | ၆ | ၉ |
| ၂ | ကျေးရွာပြင်ပသို့ ရွှေ့ပြောင်းမှုကာလ | | | | | | | | | | |
| | ၃ လ အထိ | - | - | - | - | - | - | - | - | - | - |
| | ၆ လ အထိ | - | ၁ | - | ၁ | - | - | - | ၁ | - | ၁ |
| | ၁၂ လ အထိ | - | - | ၃ | ၃ | - | - | - | - | ၃ | ၃ |
| | ၁၂ လ အထက် | - | ၁ | ၂ | ၃ | ၁ | ၁ | ၂ | ၂ | ၃ | ၅ |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - စိုက်ပျိုးမွေးမြူရေး မဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာမှ ရွှေ့ပြောင်းသွားလာလုပ်ကိုင်နေကြသူ အများစုမှာ အခြားကျေးရွာသို့ ပိုမိုများပြားပါသည်။ အများအားဖြင့် ကာလရှည် သွားရောက်လုပ်ကိုင်သူများ ဖြစ်ကြပြီး ကျေးရွာသို့ ရက်အနည်းငယ်သာပြန်လာကြပါသည်။ ပြည်တွင်းပြည်ပ နှစ်ခု စလုံး၌ အမျိုးသမီးဦးရေပိုများသည်။

## (၈-၂) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

ဇယား (၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

| စဉ် | အကြောင်းအရာ | လူဦးရေ |
|---|---|---|
| ၁ | ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေ အခွင့်အလမ်းများ ရှာဖွေရန် | ၈ |
| ၂ | နိုင်ငံရေးနှင့်ဆိုင်သော အကြောင်းရင်း | - |
| ၃ | ဒေသတွင်း ပဋိပက္ခဖြစ်ပွားမှုကြောင့် လုံခြုံမှု မရှိသည့် အကြောင်းရင်း | ၁ |
| ၄ | လူမှုရေး/ကျန်းမာရေးကိစ္စများကြောင့် | - |
| ၅ | အမျိုးအမည် ခွဲခြားမဖော်ပြနိုင်(သို့)အကြောင်းအရင်းကို ဖြေဆိုထားခြင်း/ ဖြေဆိုလိုခြင်းမရှိ | |

ရင်းမြစ် … အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။မိကျောင်းချောင်းကျေးရွာမှ ရွှေ့ပြောင်းသွားလာလုပ်ကိုင်နေကြသူများမှာ လုပ်ခလစာ ပိုမိုရရှိခြင်းနှင့် အလုပ်အကိုင် ပုံမှန်ရှိခြင်းတို့ကြောင့် သွားရောက်လုပ်ကိုင်ကြသူများ ဖြစ်ကြပါသည်။ ကျေးရွာရှိရေလုပ်ငန်းခွင်မှာ အကျိုးအမြတ်အရနည်းသဖြင့် အခြားကျေးရွာများတွင် သွားရောက်တောခုတ်ကာ လုပ်ကိုင်စားသောက်ကြခြင်းဖြစ်သည်။

## (၂.၃.၃) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား (၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

| စဉ် | အကြောင်းအရာ | အိမ်ထောင်စုအရေအတွက် | | | |
|---|---|---|---|---|---|
| | | စုစုပေါင်း | မြင့် | လတ် | နိမ့် |
| ၁ | ပြန်ပို့ငွေကို မှီခိုနေရသော အိမ်ထောင်စု အရေအတွက် | ၅ | - | ၁ | ၅ |
| ၂ | **ပြန်ပို့ငွေလမ်းကြောင်းများ** | | | | |
| | - (က) ငွေလွှဲလုပ်ငန်း (ဟွန်ဒီ) | | | | - |
| | - ( ခ ) ဘဏ် | ၂ | - | | - |
| | - ( ဂ ) လူကြုံဖြင့်လွှဲပို့ခြင်း | ၃ | - | ၁ | ၃ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။မိကျောင်းချောင်းကျေးရွာရှိ အိမ်ထောင်စုများ၏ (၆.၆) ရာခိုင်နှုန်းခန့်မှာ ကျေးရွာပြင်ပတွင် သွားရောက်လုပ်ကိုင်သူများ၏ ပြန်ပို့ငွေကို မှီခိုနေရပါသည်။ ရွှေ့ပြောင်း လုပ်ကိုင်သူအများစုမှာ မိသားစုထံသို့ ငွေအသင့်အတင့် ပို့ပေးကြသော်လည်း အနည်းစုမှ ပြန်လည် မထောက်ပံ့နိုင်ကြပါ။ လုပ်အားခ ရရှိသော ငွေကြေးများကို ဘဏ်ဖြင့်သော်လည်းကောင်း၊ လူကြုံဖြင့် သော်လည်းကောင်း ပြန်ပို့ပေးကြပါသည်။

## (ဃ) ကုန်စည်နှင့် ဝန်ဆောင်မှု ဈေးကွက်

ဇယား (၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး | အကြီးစားဈေးကွက် |
|---|---|---|
| ရွာမှ အကွာအဝေး (မိုင်) | ဘုတ်ပြင်းဈေး(၂၀)မိုင် | မြိတ်မြို့ – (၉၀)မိုင် |
| သယ်ယူပို့ဆောင်ရေးနည်းလမ်း | ရေကြောင်း(၃၀၀၀၀) ကျပ် | ရေကြောင်းလမ်း |
| ကုန်စည်နှင့်ဝန်ဆောင်မှု ရရှိနိုင်မှု | စားသောက်ကုန်၊ လူသုံးကုန် | စားသောက်ကုန်၊ လူသုံးကုန် |
| ဈေးအခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှု | အသင့်အတင့် | ရောင်းဝယ်ရန်ကောင်း |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ရေလုပ်ငန်းလုပ်ကိုင်သူများသည် ဈေးကွက်လက်လှမ်းမီမှုတွင် ကျေးရွာတွင်သာ ရောင်းချနိုင်ပြီး၊ ရေထွက်ကုန်ပစ္စည်းများကို ကျေးရွာရှိထောင်ကယ်ထံတွင် ဈေးနှုန်းတစ်ဝက် လျော့ကာ ရောင်းချရပါသည်။ အနီးဆုံးဈေးကွက်မှာ ဘုတ်ပြင်းဈေးဖြစ်ကာ ထိုကျေးရွာနှင့်(၂၀) မိုင်ဝန်းကျင်ခန့် ကွာဝေးပါသည်။ ဈေးဝယ်ယူရာတွင် ဘုတ်ပြင်းမြို့တွင်ဈေး အနည်းငယ်သက်သာပြီး၊ ကျေးရွာတွင် ဈေးမရှိပါ။ အိမ်ဆိုင် အနည်းငယ်သာရှိပါသည်။ ကျေးရွာမှ ထွက်ကုန်များကို မြိတ်သို့တင်ပို့ကြသည်။

## (၂.၅) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

| ချေးငွေရရှိနိုင်သည့် နေရာ | ငွေကြေး ဝန်ဆောင်မှု အမျိုးအစား | ပြန်လည် ပေးဆပ်ရမည့် ကာလ | အတိုးနှုန်း (လ) | အပေါင်ခံ ပစ္စည်း လိုအပ်မှု | ချေးငွေရရန် အခက်အခဲများ |
|---|---|---|---|---|---|
| အစိုးရဘဏ်(မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်/မြန်မာ့စီးပွား ရေးဘဏ်) | မရှိ | - | - | - | - |
| သမဝါယမချေးငွေ | မရှိ | - | - | - | - |
| ပုဂ္ဂလိကဘဏ် | မရှိ | - | - | - | - |
| ပုဂ္ဂလိက အသေးစားချေးငွေ ဝန်ဆောင်မှုကဏ္ဍ | မရှိ | - | - | - | - |
| အဖွဲ့လိုက်ငွေစု/ငွေချေး အစီအစဉ် | မရှိ | - | - | - | - |
| ငွေချေးပေးသူ | မရှိ | - | - | - | - |
| အပေါင်ဆိုင် | မရှိ | - | - | - | - |
| မိတ်ဆွေနှင့်ဆွေမျိုးများ | ချေးငွေ | ၃ | - | - | - |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ (၂) သက်ဆိုင်ရာ ငွေကြေး ဝန်ဆောင်မှု ပေးသောအဖွဲ့များ။

မှတ်ချက်။ ။ ငွေကြေး ဝန်ဆောင်မှု အမျိုးအစား - ချေးငွေ၊ စုငွေ၊ အာမခံစနစ်

**လေ့လာတွေ့ရှိချက်။** ။မိကျောင်းချောင်းကျေးရွာအတွင်းတွင် ဆင်းရဲနွမ်းပါးသူများကို အလုပ်လုပ်ရာ၌ ငွေကြေးရှင်များက ငွေထုတ်ချေးပေးပြီး၊ ပျင်းရိသူဟုထင်ရသောသူများကို မယုံကြည်သဖြင့် ငွေထုတ်မချေးပေးကြပါ။ ထိုရွာတွင်ဆင်းရဲနွမ်းပါးသူများနေသောကြောင့် သမချေးငွေလုပ်ငန်းပြုလုပ်ခြင်းဖြင့် ဆင်းရဲသားများအတွက် လုပ်ကိုင်စားသောက်ရန် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေနိုင်ပါသည်။

## (၈) ပတ်ဝန်းကျင်နှင့် သဘာဝ ရင်းမြစ်များ စီမံခန့်ခွဲမှု

### (၈-၁) ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ

ဇယား (၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ

| အခက်အခဲ | အန္တရာယ်ရှိမှု (မြင့်/လတ်/နိမ့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေဆီသြဇာ အခြေအနေ | နိမ့် | စိုက်ပျိုးရန်မြေမရှိ၊ ရေငန်ဝင်မှုများလာ |
| အပင်မျိုးစိတ်များ | မြင့် | ပရုံး၊ လမု၊ ကနစို၊ ကျနန့်၊ ဆောင်း၊ ကဗြိုင် တို့မှာ ပျက်စီးမှု မြင့်လာပါသည်။ |
| ဖျက်ပိုးနှင့်ရောဂါကာကွယ် ထိန်းချုပ်မှု | နိမ့် | ပိုးမကျ။ |
| ရေအရင်းအမြစ် | လတ် | ရေရှားပါးသော်လည်း အဝီစိတွင်းမှ ဝယ်ယူရရှိသည်။ |
| ငါးမျိုးကွဲများ | နိမ့် | ငါးမျိုးကွဲထူးခြားမှုမရှိ၊လင်းပိုင်သာရှိ (ကာကွယ်ထား) |
| အခြားတိရစ္ဆာန်မျိုးကွဲများ | နိမ့် | မိကျောင်းများအနည်းငယ်ရှိသော်လည်း သတ်ဖြတ်မှုမရှိ။ |
| စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု | မြင့် | ပလပ်စတစ်၊ အသုံးအဆောင်များ စနစ်တကျစွန့်ပစ်မှုမရှိ၊ ပင်လယ်ထဲသာ ပစ်ချခြင်း။ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။မီးသွေးဖုတ်ရန်အတွက် ထင်းများလာရောက်ခုတ်ယူခြင်း၊ ပင်လယ်ကမ်းစပ်တွင် ပေါက်သော အပင်မျိုးစိတ်များ အများအပြားရှိသော်လည်း မျိုးတုန်း ပျက်စီးမှုများ မြင့်မားလာ ပါသည်။ ဒီရေတောများ ပျက်စီးမှုများလာ၍ ၎င်းတို့ကို မှီခိုနေရသော သားငါး၊ တိရစ္ဆာန်များ အတွက် အန္တရာယ်ရှိလာနိုင်ပါသည်။ စွန့်ပစ်အမှိုက်များကို စနစ်တကျ စွန့်ပစ်သည့် အလေ့အထ မရှိကြပါ။ ဆိုးကျိုးအားဖြင့် ပတ်ဝန်းကျင် ညစ်ညမ်းခြင်း၊ သားငါး ပုဇွန်များ မျိုးပွားရန်အတွက် ထိခိုက်နိုင်ခြင်း၊ ရေထုညစ်ညမ်းခြင်း စသည်တို့ ဖြစ်ပွားလာနိုင်စေပါသည်။ ကျေးရွာတွင် စိုက်ပျိုးမြေမရှိပါ။

## (ဆ) ပညာရေး

### (ဆ-၁) ပညာရေးနှင့် စာတတ်မြောက်မှု

ဇယား (၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

| အတန်းပညာပြီးမြောက်မှု | ကျား | မ | ပေါင်း |
|---|---|---|---|
| စာမတတ်သူဦးရေ | ၃ | ၆ | ၉ |
| ဘုန်းကြီးကျောင်းသင်ပညာရေး | ၁၈ | ၁၄ | ၃၂ |
| မူလတန်းအဆင့်ရှိသူဦးရေ | ၆၁ | ၄၁ | ၁၀၂ |
| အလယ်တန်းအဆင့်ရှိသူဦးရေ | ၄၄ | ၄၉ | ၉၃ |
| အထက်တန်းအဆင့်ရှိသူဦးရေ | ၃ | ၂ | ၅ |
| တက္ကသိုလ်/ကောလိပ်အဆင့်ရှိသူဦးရေ | ၂ | ၂ | ၄ |

ရင်းမြစ် … အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။မိကျောင်းချောင်းကျေးရွာတွင် စာတတ်မြောက်မှု ရာခိုင်နှုန်းမှာ (၉၆.၅) ရာခိုင်နှုန်းရှိပါသည်။ ဘွဲ့ရသူဦးရေ (၄) ဦးအထိ ရှိနေပြီ ဖြစ်သည်။ မူလတန်းပညာပြီးမြောက်မှုမှာ (၁၀)နှစ်အထက်လူဦးရေ၏ (၃၆)ရာခိုင်နှုန်းခန့်ရှိပြီး၊ အလယ်တန်းနှင့်အထက်တန်းတို့တွင် သိသာစွာလျော့နည်းလာပါသည်။ သို့သော် အထက်တန်းပညာရေးပြီးဆုံးနှုန်းမှာ ၁.၆% သာရှိသည့် အတွက် အထက်တန်းပညာပြီးဆုံး ရေးသည် ပညာရေးတိုးတက်မှုအတွက် အဓိကဖြစ်ကြောင်းတွေ့ရသည်။ ကျေးရွာတွင်းရှိလူငယ်များမှာ စီးပွားရေး အခက်အခဲ ကြောင့် ပညာရေးတစ်ပိုင်းတစ်စဖြင့်ထွက်၍ အလုပ်လုပ်ကြသဖြင့် ကျေးရွာတွင်ပညာရေးတတ်မြောက်မှု နိမ့်ကျ နေရခြင်းဖြစ်သည်။

### (ဆ-၂) လက်ရှိ ကျောင်းတက်နှုန်း

ဇယား (၃၁) လက်ရှိ ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| မူလတန်း | ၄၁ | ၂၈ | ၆၉ |
| အလယ်တန်း | ၁၂ | ၉ | ၂၁ |
| အထက်တန်း | ၂ | ၂ | ၄ |
| တက္ကသိုလ် /ကောလိပ်ကျောင်းသား၊ သူ | ၁ | ၁ | ၂ |

ရင်းမြစ် … (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာရှိ(၅-၉နှစ်) ကြားလူဦးရေနှင့် မူလတန်းလက်ရှိကျောင်းတက်နေသူ ဦးရေမှာ ကိုက်ညီခြင်းမရှိသည်ကို တွေ့ရပါသည်။ အကြောင်းအရင်းမှာ ကျောင်းနေနောက်ကျခြင်းနှင့် စီးပွားရေး အခက်အခဲ များကြောင့် အလယ်တန်းကျောင်းနေအရွယ်ကလေးများမှာ လက်ရှိတွင် မူလတန်း၌ ပညာ သင်ကြားနေကြသည်။ အထက်တန်းကျောင်းတက်နှုန်းမှာ အလွန်နိမ့်ကျနေပါသည်။ ကျေးရွာတွင် မူလတန်းကျောင်းသာရှိ၍ စီးပွားရေး တတ်နိုင်သော အိမ်ထောင်စုအချို့သာ အလယ်တန်း၊ အထက်တန်း ကျောင်းသားများမှာ ဘုတ်ပြင်းနှင့် မြိတ်မြို့များ တွင် သွား၍တက်ရောက်ကြသည်။

## (ဆ-၃) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၃၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| **အကြောင်းအရာ** | **ကျောင်းအဆင့်** | | | | | |
|---|---|---|---|---|---|---|
| ကျောင်းအဆင့် | မူလတန်းကျောင်း | | | | | |
| ရွာမှ အကွာအဝေး(မိုင်) | ကျေးရွာတွင်း | | | | | |
| သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ကုန်းလမ်း | | | ရွာအခြေတွင်တွင်တည်ရှိ | | |
| စာသင်ကျောင်း အရွယ်အစား (အလျား၊ အနံ၊အမြင့်) | ၃၀’ x ၆၀’ | | | - | | |
| အမိုး၊ နံရံ၊ အခင်း အရည်အသွေး | ဓနိမိုး၊ ဖက်ကာ | | | ကြမ်းခင်းမရှိ(မြေသား) | | |
| ကျောင်းသုံး ပရိဘောဂ (လုံလောက်မှု ရှိ/မရှိ) နှင့် ကျောင်းအိမ်သာ အခြေအနေ | ပရိဘောဂ လုံလောက်မှု မရှိပါ။ ကျောင်းအိမ်သာ လည်းမရှိပါ။ | | | - | | |
| ကျောင်းအာဟာရတိုက်ကျွေးမှု (အာဟာရ အမျိုးအစားနှင့် ကြိမ်ရေ) | ကြက်သားဆန်ပြုတ်တိုက် ကျွေးခြင်း။ | | | (၁)နှစ်(၂)ကြိမ်ခန့် | | |
| ကျောင်းဆရာ/မ ဦးရေ | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** |
| အစိုးရခန့် | - | ၃ | ၃ | ၄၁ | ၂၈ | ၆၉ |
| ကျေးရွာခန့် | - | - | - | ကျောင်းသားဦးရေ | | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် အ.မ.က(ခွဲ) စာသင်ကျောင်းရှိပါသည်။ ထိုစာသင် ကျောင်းမှာ ကိုယ်ထူကိုယ်ထကျောင်းဖြစ်ပြီး အစိုးရခန့်ဆရာမ(၂)ယောက်ရှိပါသည်။ ကျောင်းတွင် ကြမ်းခင်း မရှိ၊ မြေသားအတိုင်းဖြစ်ပြီး ဓနိမိုး၊ ဖက်ကာ(၃၀ပေx၆၀ပေ)၊ အိမ်သာလည်းမရှိပါ။ ကျောင်းအရှေ့တွင် ကလေးများ ကစားရန် အားကစားကွင်းနေရာရှိပါသည်။ ကျောင်းတွင်လည်း အားကစားနှင့်ပတ်သက်သော ပစ္စည်းများ ထောက်ပံ့ ပေးထားခြင်းမရှိပါ။ ကျောင်းတွင်ပရိဘောဂပစ္စည်းများမလုံလောက်ပါ။ (၁)နှစ်ကို (၂)ကြိမ် အာဟာရ တိုက်ကျွေးမှု များရှိပါသည်။

## (ဆ-၄) ပညာရေး အခက်အခဲနှင့် ပြဿနာများ

ဇယား (၃၃) ပညာရေး အခက်အခဲနှင့် ပြဿနာများ

| **အခက်အခဲ/ ပြဿနာ** | **ရှင်းလင်းချက်** |
|---|---|
| ကျောင်းဆရာ/မ ရရှိနိုင်မှု | ဆရာမ(၃)ဦးခန့်လိုအပ်ပါသည်။ |
| တပည့် - ဆရာ အချိုး | ၃၅-၁ |
| မူလတန်းပညာ ကျောင်းထွက်နှုန်း | မြင့်ပါသည်။ |
| မသန်စွမ်းသူများအတွက် ပညာရေး အထူးအစီအစဉ် | မရှိ (မသန်စွမ်းသူလည်း မရှိပါ)။ |

| အခက်အခဲ/ ပြဿနာ | ရှင်းလင်းချက် |
|---|---|
| ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာ | အခမဲ့ပညာရေးစနစ်ထောက်ပံ့မှုမရရှိသဖြင့် ကျောင်းသုံးပစ္စည်းနှင့် လိုအပ်ချက်များကို ဝယ်ယူရပါသည်။ |
| ဆင်းရဲသော မိသားစုများအတွက် ကျောင်းစရိတ် မတတ်နိုင်မှု | မိုးရာသီတွင် အလုပ်ကိုင်များခက်ခဲသဖြင့် ကျောင်းသားများ အတွက်ထောက်ပံ့ရန်ခက်ခဲပါသည်။ |
| ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများ လက်လှမ်းမီမှု | မရှိ |
| မိဘဆရာအသင်း၏အခန်းကဏ္ဍ | အသင်းဖွဲ့စည်းထားခြင်းမရှိပါ။ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**လေ့လာတွေ့ရှိချက်။** ။ ထိုကျေးရွာတွင် အခမဲ့ပညာရေးစနစ်ကို အကောင်အထည်ဖော်ထားခြင်း မရှိသောကြောင့် ဆင်းရဲသောအိမ်ထောင်စုများအတွက် ကျောင်းစရိတ်မှာ ဝမ်းစာရေးအတွက်ခက်ခဲနေချိန် တို့တွင်ပင်ပန်းပါသည်။ဆရာ၊တပည့် အချိုးညီမျှမှုမရှိပါ။ ထို့အပြင် ကုန်ကျစရိတ် သက်သာသော ကလေး အားကစားကွင်း တစ်ခုလည်း လိုအပ်နေပါသည်။ ယခုနှစ်ကျောင်းသားဦးရေမှာ ၇၀ခန့်ရှိပြီး ကျောင်းသုံး စာရေးကိရိယာများကိုသုံးစွဲနိုင်သူဦးရေမှာ အနည်းငယ်သာရှိသည်ကိုသိရှိရပါသည်။ ထို့ကြောင့်စာရေး ကိရိယာပစ္စည်းများအားထောက်ပံ့ပေးနိုင်လျှင် ကျောင်းသားနှင့် မိဘများအတွက်ပိုမိုအဆင်ပြေနိုင်ဖြစ်သည်။ ကျေးရွာတွင် မူလတန်းကျောင်းခွဲရှိသဖြင့် အခြားကျေးရွာများသို့သွား၍တက်ရောက်ရန်မှာလည်း ငွေကြေး နှင့်သွားလာရန်ခက်ခဲသဖြင့် မူလတန်းဖြင့်ကျောင်းထွက်နှုန်းများမြင့်နေရခြင်းဖြစ်သည်။ ကျေးရွာရှိ မိဘဆရာ အသင်းဖွဲ့စည်းထားခြင်းမျိုးလည်းမရှိပါ။

## (၉) ကျန်းမာရေးနှင့် အာဟာရ

### (၉-၁) အဖြစ်များသော ရောဂါများ

ဇယား (၃၄) အဖြစ်များသော ရောဂါများ

| # | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|---|
| | | မြင့် | နိမ့် | မရှိ | |
| ၁ | ဝမ်းပျက်ဝမ်းလျှော | ✓ | | | နွေကာလတွင်ဥတုပူပြင်းသောကြောင့်ဖြစ်များ /အစားအစာမသန့်။ |
| ၂ | သွေးလွန်တုပ်ကွေး | | ✓ | | မိုးဦးကျအချိန်ဖြစ်များ။ |
| ၃ | ငှက်ဖျား | | ✓ | | မိုးနှောင်းတွင်ဖြစ်လေ့ရှိ/နယ်တွင်လုပ်သူသာ။ |
| ၄ | အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ | | | ✓ | မဖြစ်ကြပါ။ |
| ၅ | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | | | ✓ | မဖြစ်ဖူးပါ။ |
| ၆ | တီဘီ | | | ✓ | မဖြစ်ကြပါ။ |
| ၇ | ဆီးချို | | ✓ | | အနည်းငယ်သာရှိ။ |
| ၈ | သွေးတိုး | ✓ | | | အုန်းသီးနှင့် အငန်စားများလျှင်ဖြစ်။ |
| ၉ | အသည်းရောဂါ ( ဘီ၊ စီ) | | | ✓ | မဖြစ်ကြပါ။ |
| ၁၀ | အာဟာရ ချို့တဲ့မှု | ✓ | | | အာဟာရအနည်းငယ်ချို့တဲ့ခြင်းများ။ |
| ၁၁ | အခြား ကူးစက်နိုင်သော ရောဂါများ | | | ✓ | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။မိကျောင်းချောင်းကျေးရွာအတွင်း နွေကာလရာသီပူပြင်းခြင်း၊အစားအစာ မသန့်ရှင်းမှုကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်လေ့ရှိပါသည်။ သွေးလွန်တုပ်ကွေးရောဂါနှင့်ငှက်ဖျား ရောဂါများအဓိကဖြစ်ပွားလေ့ရှိပြီး ကျေးလက်ကျန်းမာရေးဆေးပေးခန်းမှာလည်း သံဇုံးကျေးရွာတွင်တည်ဆောက် နေပါသည်။

## (၉-၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၃၅) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

| စဉ် | ကာကွယ်ဆေးထိုးခြင်း | ရှိ | မရှိ | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|
| ၁ | အဆုတ်ရောဂါ | ✓ | | မိုးနှောင်းပိုင်းတွင်စတိန်မှ သူနာပြု(နီ) များလာရောက်သည်။ |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | ✓ | | မိုးနှောင်းပိုင်းတွင်စတိန်မှ သူနာပြု(နီ) များလာရောက်သည်။ |
| ၃ | ပိုလီယိုရောဂါ | ✓ | | မိုးနှောင်းပိုင်းတွင်စတိန်မှ သူနာပြု(နီ) များလာရောက်သည်။ |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | ✓ | | စတိန်မှ အနီဝတ်ဆရာမက ထိုးပေးသည်။ |
| ၅ | ဝက်သက်ရောဂါ | ✓ | | စတိန်မှ အနီဝတ်ဆရာမက ထိုးပေးသည်။ |
| ၆ | အခြား စုပေါင်းကာကွယ်ဆေး ထိုးနှံမှု | | ✓ | ရွာသားများအနေဖြင့် သိရှိနားလည်မှုမရှိ။ |
| ၇ | အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | | ✓ | - |
| ၈ | အာဟာရပညာပေး အစီအစဉ် | | ✓ | လာရောက်ခြင်းမရှိပါ။ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ မိကျောင်းချောင်းကျေးရွာတွင် အုပ်စုအတွင်းရှိ စတိန်ကျေးရွာမှ ထမိန်အနီ သူနာပြုများလာရောက်၍ ကိုယ်ဝန်ဆောင်မိခင်များအတွက် စစ်ဆေးပေးခြင်းနှင့် ကလေးသူငယ်များအတွက် ကာကွယ်ဆေးတိုက်ကျွေးခြင်း စသည်တို့ကိုလုပ်ဆောင်ပေးလေ့ရှိပါသည်။ ထို့ကြောင့်ရောဂါဖြစ်ပွားမှုများ နည်းပါးပါသည်။ အဟာရမှတ်တမ်းယူခြင်း၊ အာဟာရပညာပေးအစီအစဉ်များနှင့်ပတ်သက်၍ ကျေးရွာသို့လာ ရောက်ခြင်းများမရှိခဲ့ပါ။

## (၉-၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာ အဝေး (မိုင်) | အခန်း/ ကုတင် (လုံလောက်မှုရှိ/ မရှိ) | ကျန်းမာရေး ဝန်ထမ်းဦးရေ | ဆေးနှင့်ပတ်သက်သော အသုံးအဆောင်ပစ္စည်းများ (လုံလောက်မှု/ မလုံလောက်မှု) | မှတ် ချက် |
|---|---|---|---|---|---|
| ကျေးလက် ကျန်းမာရေး ဌာနခွဲ | စတိန် (၅)မိုင် | မရှိ | သားဖွားဆရာမ - ၁ | လုံလောက်မှုမရှိ/ကာကွယ် ဆေးပစ္စည်းလုံလောက်မှုရှိ | |
| တိုက်နယ်ဆေးရုံ | | | | | |

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာ အဝေး (မိုင်) | အခန်း/ ကုတင် (လုံလောက်မှုရှိ/ မရှိ) | ကျန်းမာရေး ဝန်ထမ်းဦးရေ | ဆေးနှင့်ပတ်သက်သော အသုံးအဆောင်ပစ္စည်းများ (လုံလောက်မှု/ မလုံလောက်မှု) | မှတ် ချက် |
|---|---|---|---|---|---|
| မြို့နယ် ဆေးရုံ | ၂၀ မိုင် | ၂၅ ခုတင် ဆန့် ဆေးရုံ | ဆရာဝန် - ၁<br>သူနာပြု - ၃<br>သားဖွားဆရာမ - ၄ | ဆေးဝါးလုံလောက်<br>သိုလှောင်မှု ပုံစံကောင်း | |
| ဆေးဆိုင် | - | ကျေးရွာရှိ ဈေးဆိုင်များတွင် | ဆေးဝါးကျွမ်းကျင်သူ (ဟုတ်/မဟုတ်) - မဟုတ် | လက်လှမ်းမှီမှု- မရှိ<br>သိုလှောင်ပုံစနစ်- ညံ့ | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ကျန်းမာရေးအတွက် တစ်ခုခုဖြစ်ပွားပါက ငါးမိုင်ခန့်ဝေးသော စတိန်ကျေးရွာ ရှိ ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ဘုတ်ပြင်းမြို့နယ်ဆေးရုံကြီးတို့တွင်သွားရောက် ပြသပါသည်။ ဘုတ်ပြင်း မြို့နယ် ဆေးရုံကြီးထက် တပ်ဆေးရုံတွင် အဓိကထား၍သွားရောက်ပြသပါသည်။ ကျေးလက်ဌာနခွဲမှ သားဖွား ဆရာမသည် တစ်လတစ်ကြိမ်ကွင်းဆင်းပြီး လိုအပ်သည်များလုပ်ဆောင်ပေးပါသည်။ အသေးစားကျန်းမာ ရေးနှင့်ဆိုင်သော ဆေးဝါးများကို ကျေးရွာအတွင်းရှိကုန်စုံဆိုင်များတွင် အနည်းအကျဉ်းသာရနိုင်ပါသည်။ အကြီးစား ကျန်းမာရေး အတွက်ကား ဘုတ်ပြင်းမြို့ပေါ်ရှိ ဆေးဆိုင်များတွင် ရနိုင်ပါသည်။ကျေးရွာအတွက် ကျန်းမာရေးကဏ္ဍ တိုးတက် လာစေရန် လုပ်ဆောင်သင့်သည်များမှာ ကျန်းမာရေးဝန်ထမ်းတစ်ဦးရှိခြင်းဖြင့် ကျေးရွာရှိ အိမ်ထောင်စုများအတွက် ကောင်းမွန်သောအကျိုးသက်ရောက်မှုရှိလာပါမည်။ထို့အပြင် ကျန်းမာ ရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲများကို လည်း အခါအားလျော်စွာပြုလုပ်ပေးခြင်းဖြင့် ကျေးရွာသူ/ ကျေးရွာသားများ၏ ကျန်းမာရေးအသိများ တိုးတက် လာနိုင်ပါမည်။

## (ဈ) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

## (ဈ-၁) သောက်သုံးရေရရှိမှု

ဇယား (၃၇) သောက်သုံးရေရရှိနိုင်မှု

| ရေရရှိနိုင်မှု | အရေ အတွက် | အကောင်း/ အဆိုး | လက်ရှိ/လုံလောက်မှု | | | အခြား |
|---|---|---|---|---|---|---|
| | | | နွေ | မိုး | ဆောင်း | |
| ရေတွင်း | ၁ | အကောင်း | - | ✓ | ✓ | တစ်ရွာလုံးမှဝယ်သုံး |
| အဝီစိတွင်း/စက်တပ် | ၂ | အကောင်း | - | ✓ | ✓ | |
| အဝီစိတွင်း/တုံကင် | - | - | - | - | - | |
| မိုးရေသိုလှောင်ကန် | - | - | - | - | - | |
| မြစ်/ချောင်း | - | - | - | - | - | |
| ရေကန် | - | - | - | - | - | |
| စိမ့်စမ်းရေသွယ်တန်းခြင်း | - | - | - | - | - | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာအတွင်းတွင် လက်ငင်ရေတွင်းမှာ (၁)တွင်းရှိပြီး၊ ထိုတွင်းမှရေများကို စက်ဖြင့်စုပ်၍ ကျေးရွာရှိအိမ်ထောင်စုများအား ရေရောင်းချပေးပါသည်။ ရေ(၅ဂါလံ)သုံးပုံးလျှင်

ငွေ(၂၀၀ကျပ်)ဖြင့် ဝယ်သုံးရ၍ တစ်အိမ်ထောင်စုလျှင် တစ်နေ့ရေဖိုး(၁၀၀၀ခန့်) အနည်းဆုံးကျသင့်ပါသည်။ အဝီစိနှစ်တွင်းရှိရာ တစ်တွင်းမှာ သူဌေးတစ်ဦး၏ပိုင်ဆိုင်သောတွင်းဖြစ်ပြီး အိမ်သုံးသီးသန့်ဖြစ်သည်။ ကျန်တစ်တွင်းမှာ ERLIP စီမံကိန်းမှ ကျေးရွာပိုင်တွင်းအဖြစ် ထောက်ပံ့ပေးထားသောရေတွင်းဖြစ်သော်လည်း မြေနေရာအခက်အခဲကြောင့် ထိုတွင်းမှာလူနေအိမ်များနှင့်အနည်းငယ်သာလှမ်းသော်လည်း ကျေးရွာသားများမှာ သွားရောက်ခပ်သုံးခြင်း မရှိပဲ ရေရောင်းသည့်အိမ်တွင်သာ သွားရောက်ဝယ်ယူသုံးစွဲနေ ကြပါသည်။ ကျေးရွာရှိလူများမှာ ပူးပေါင်း ဆောင်ရွက် နေအိမ်များအနီးသို့ ရေပိုက်များသွယ်တန်းလာနိုင် လျှင် ကျေးရွာအတွက် အကုန်ကျသက်သာ၍ ပိုမိုအကျိုးရှိ လာနိုင်ပါသည်။ ထို့ကြောင့် အိမ်တိုင်းစေ့ပိုက်လိုင်း သွယ်ပြီး အသုံးပြုနိုင်ရန်စုစည်းလုပ်ဆောင်ရပါမည်။

## (ဈ-၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဇယား (၃၈) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သောအိမ်သာ အမျိုးအစား | သုံးစွဲနိုင်သောအိမ်ထောင်စု |
|---|---|
| **သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| ရေဆွဲအိမ်သာ | ၃ |
| ရေလောင်း/ယင်လုံအိမ်သာ | ၂ |
| **မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| တွင်း/ဇလားအိမ်သာ | |
| တွင်းမရှိသော အိမ်သာ | ၇၄ |
| အိမ်သာမရှိ | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာ၏အလေ့အထဖြစ်ပြီး ပင်လယ်နှင့်နီးသောကြောင့် ရေပေါ်/ မြေပေါ်အိမ်သာ အမျိုးအစားကိုသာသုံးစွဲကြပါသည်။ ထို့ကြောင့် အိမ်တိုင်းစေ့ယင်လုံအိမ်သာ ဆောက်လုပ်ကြရန်နှင့် ကျန်းမာရေး အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးရန်မှာအဓိကကျနေပါသည်။ ယင်လုံ အိမ်သာဆောက်လုပ်ရန် ကျေးရွာရှိ ဆင်းရဲသားအိမ်ထောင်စုများမှာ ငွေကြေးမတတ်နိုင်သောကြောင့် ခက်ခဲနေပါသည်။

## (ည) ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ဇယား (၃၉) ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

| # | ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ | ရှိ | မရှိ | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|
| ၁ | ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီး များ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု | | ✓ | ဓလေ့ ထုံးစံအရ ဖြစ်နေပါသည်။ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်း များတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင် ဆောင်ရွက်မှု | ✓ | | ERLIP အဖွဲ့သာရှိပါသည်။ |
| ၃ | လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယ ဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ | ✓ | | မူးယစ်လွန်၍ ကျူးလွန်ခြင်းရှိခဲ့/(၁)ဦး သာရှိခဲ့။ |

| # | ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ | ရှိ | မရှိ | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|
| ၄ | အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှု | ✓ | | အသိအမြင်ရှိသော်လည်း၊ မူးယစ်မှုများကြောင့်ကျူးလွန်မိကြသည်။ |

ရင်းမြစ်… (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာ၏ အုပ်ချုပ်ရေးဆိုင်ရာ စီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများ ပါဝင်မှု အားနည်းပါသည်။ သို့သော်လည်း ကျေးရွာ၏ သာရေးနာရေးကိစ္စရပ်များတွင် အားတက် သရော ပါဝင်ကြပါသည်။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှု ဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှု အားနည်းနေသေးပြီး ဟောပြောဆွေးနွေးပွဲများ ပုံမှန် ပြုလုပ်ပေးစေလိုပါသည်။

## (ဋ) အခြေခံ အဆောက်အဦများ အခြေအနေ

### (ဋ-၁) ကျေးရွာ၏ လမ်းတည်ရှိမှု

ဇယား (၄၀) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

| လမ်း အမျိုးအစား | အမျိုးအစား (၁/၂/၃/၄) | ကောင်း သင့်/ညံ့ | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု | | လမ်းအရှည် |
|---|---|---|---|---|---|---|
| | | | | ပွင့်လင်းရာသီ | တစ်နှစ်ပတ်လုံး | |
| ရွာတွင်းလမ်းမ | ၄ | ညံ့ | ၂၀၁၂ | | ✓ | ၁မိုင်ခန့် |
| ရွာချင်းဆက်လမ်း | ၁ | ညံ့ | နှစ်၆၀ခန့် | | ✓ | ၂မိုင်ခန့်(ထောင်ရိပ်သို့) |
| ကုန်ထုတ်လမ်း | ၁ | ကောင်း | ၂၀၂၁ | | ✓ | ၁၀၀၀’ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။** မြေသားလမ်း - ၁၊ ကျောက်ခင်းလမ်း - ၂၊ ကတ္တရာလမ်း/ကွန်ကရစ်လမ်း - ၃၊ သစ်သားတံတားလမ်း - ၄

**လေ့လာတွေ့ရှိချက်။** ။ မိကျောင်းချောင်းကျေးရွာတွင် ရွာလယ်လမ်းမသည် တစ်မိုင်ခန့်ရှည်သော သစ်သားတံတားလမ်းဖြစ်ပါသည်။ထိုသစ်သားတံတားလမ်းမှာလည်း တစ်ရွာလုံးရှိလူထုများ အသုံးပြုကြသော်လည်း ပြုပြင်ထိန်းသိမ်းမှုအားနည်းသဖြင့် ယခုအခါတွင် ချို့ယွင်းသောနေရာများရှိနေပါသည်။ ရွာချင်းဆက်လမ်းတဝက်မှာ ရွှံ့တမံဖြစ်သောကြောင့် မိုးရာသီတွင် လမ်းချော်ကာ သွားလာရအလွန်ခက်ခဲပါသည်။ ထောင်ရိပ်သို့ သွားသော ရွာချင်းဆက်လမ်းမှာ (၃)မိုင်ခန့်ကွာဝေးပြီး မြေသားလမ်းများဖြစ်သောကြောင့် မိုးရာတွင်သွားလာရခက်ခဲပါသည်။ သံဖုံးသို့သွားသော ရွာချင်းဆက်လမ်းမှာလည်း မြေသားလမ်းဖြစ်ကာ (၂)မိုင်ခန့်ကွာဝေးပါသည်။ ထိုရွာချင်းလမ်း များအား ကျောက်ခင်းလမ်း ပြုလုပ်ပေးခြင်းဖြင့် ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးဆိုင်ရာ လုပ်ငန်း များ တိုးတက်လာစေရန် အထောက်အကူပြုနိုင်ပါမည်။

## (၄-၂) ကျေးရွာ၏ တံတားတည်ရှိမှု

ဇယား (၄၁) ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ

| တံတား အမျိုးအစား | အရွယ်အစား | ကောင်း/သင့်/ညံ့ | တည်ဆောက်ခဲ့သောနှစ် | အသုံးပြုနိုင်သည့်ရာသီ | |
|---|---|---|---|---|---|
| | | | | ပွင့်လင်းရာသီ | တစ်နှစ်ပတ်လုံး |
| ဆိပ်ခံတံတား | - | - | - | - | ✓ |
| သစ်သားတံတား | ပေ(၆x၁၈x၅၀) | ညံ့ | ၂၀၀၉ | - | ✓ |
| ကွန်ကရစ်တံတား | - | - | - | - | - |
| ကြိုးတံတား | - | - | - | - | - |
| ရေပြွန် | - | - | - | - | - |

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ မိကျောင်းချောင်းကျေးရွာအတွင်းရှိ သစ်သားတံတားလမ်းများတွင် စက်လှေများတွင် စက်လှေများဆိုက်ကပ်ကြပါသည်။

## (၄-3) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၄၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး (မိုင်) | ယာဉ် အမျိုးအစား | ရာသီအလိုက် သုံးစွဲနိုင်မှု | |
|---|---|---|---|---|
| | | | ပွင့်လင်းရာသီ | တစ်နှစ်ပတ်လုံး |
| မြစ်ကြောင်း | - | - | - | - |
| ပင်လယ်ရေကြောင်း | မြိတ်(၉၀)မိုင်<br>ဘုတ်ပြင်း(၂၀)မိုင် | ၁/၂ | ✓ | - |

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ၁ – လှေ၊ သမ္ဗာန် ၂ - မော်တော် ၃ - သင်္ဘော

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ပင်လယ်ရေကြောင်းလမ်းကိုလည်း အဓိကအားထား အသုံးပြုကြပါသည်။ အများအားဖြင့်ဈေးဝယ်ရန်နှင့် ထွက်ကုန်များရောင်းချရာတွင်ရေလမ်းဖြင့် မြိတ်မြို့သို့ (၉၀မိုင်)၊ ဘုတ်ပြင်းမြို့သို့ (၂၀မိုင်) ကွာဝေးပါသည်။

## (၄-၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုး အစား | စက် လှေ | လှေ၊ သမ္ဗာန် | စက် ဘီး | မော်တော် ဆိုင်ကယ် | ဘေးတွဲ ဆိုင်ကယ် | ကား | မြင်းလှည်း | နွား လှည်း |
|---|---|---|---|---|---|---|---|---|
| အရေအတွက် | ၅၇ | - | - | ၁၃ | - | - | - | - |

ရင်းမြစ်...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ မိကျောင်းချောင်းကျေးရွာ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ကုန်းလမ်းမှာ သွားလာရန်ဝေးလံခက်ခဲသောကြောင့် ရေကြောင်းလမ်းကို အဓိကအသုံးပြုကာ တစ်နှစ်ပတ်လုံး အသုံးပြု နိုင်ပါသည်။

## (ဌ) လျှပ်စစ်မီးရရှိမှု

ဇယား (၄၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

| ရင်းမြစ် | အိမ်ထောင်စု | ပြုပြင်ထိန်းသိမ်းရေးစနစ် (ကောင်း/သင့်/ညံ့) | အခက်အခဲရှိ/မရှိ |
|---|---|---|---|
| မဟာဓာတ်အားလိုင်း | - | - | - |
| ဆိုလာစနစ် | - | - | - |
| အသေးစားရေအားလျှပ်စစ် | - | - | - |
| ဒီဇယ်သုံးအင်ဂျင် | ၃/၄၀ | ညံ့ | ရှိ/အချိန်ပြည့်မရပါ။ |
| လေစွမ်းအင် | - | - | - |
| ဇီဝလောင်စာ | - | - | - |
| အမျိုးအမည်မခွဲခြားနိုင်သော လျှပ်စစ်ဓါတ်အားပေးစနစ် | | | |
| လျှပ်စစ်မီးအသုံးမပြုနိုင်သော | ၃၄ | - | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် ဒီဇယ်အင်ဂျင်အသုံးပြု၍ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေသော ပုဂ္ဂလိကလုပ်ငန်းရှင်တစ်ဦးရှိပါသည်။ လျှပ်စစ်မီးကို ညနေ (၆) နာရီမှ ည (၁၀) နာရီ အထိ ပေးပြီး တစ်အိမ်လျှင် တစ်နေ့(၂၀၀)နှုန်း တစ်လလျှင်(၆၀၀၀)ကျပ်ခန့်ကျသင့်ပါသည်။ ကျန်သော အချိန်များတွင် ဖယောင်းတိုင်မီးများကိုသာ အသုံးပြုကြရပါသည်။ မီးအားနည်းပြီးမီးစက်ပျက်နေချိန်တွင် မီးမရရှိပေ။ ဖယောင်းတိုင်မီးသီးသန့်သာအသုံးပြုသော အိမ်ထောင်စုမှာ (၃၀)ကျော်ခန့် ရှိပါသည်။ ဆိုလာပြားများ ရရှိရန်အတွက် ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ထားပြီး ဖြစ်ပါသည်။ သို့သော်လည်း အိမ်တိုင်းစေ့ ဆိုလာ မီးလင်းရေးအတွက် စုစည်းလုပ်ဆောင်ရန် လိုအပ်နေပါသေးသည်။

## (ဍ) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ | ပြိုလ်တုစလောင်း |
|---|---|---|---|---|
| အရေအတွက် | ၇၀ | ၄ | ၃၀ | ၃၀ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ မိကျောင်းချောင်းကျေးရွာတွင် အချို့နေရာတွင်သာ ဖုန်းလိုင်းအနည်းငယ်မိပါသည်။

## (ဎ) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

| လုပ်ငန်းအမည် | ဝန်ဆောင်မှု |
|---|---|
| လူငယ်များ အနားယူအပန်းဖြေနိုင်သည့်နေရာများ ပျော်ပွဲရွှင်ပွဲများရှိခြင်း | မရှိ |

| လုပ်ငန်းအမည် | ဝန်ဆောင်မှု |
|---|---|
| လူမှုရေးလုပ်ငန်းများတွင် ပါဝင်မှု | သာ/နာရေးပါဝင်မှုရှိ |
| ဘာသာရေးလုပ်ငန်းများတွင် ပါဝင်မှု | ရှိ |
| အားကစားနှင့်ကာယလေ့ကျင့်ခန်းများပြုလုပ်ရန်နေရာနှင့် အထောက်အကူပစ္စည်းရှိခြင်း | မရှိ |
| ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်မှု | ရှိ |
| ရိုးရာဓလေ့ထုံးစံများနှင့်ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ခြင်းတွင်ပါဝင်မှု | ၁၂လရာသီပွဲများတွင်သာ ပါဝင်မှုရှိ |
| စိတ်ဝင်စားစရာများကို မိမိတို့ကိုယ်တိုင်လေ့လာသင်ယူနိုင်မည့်နေရာများ၊လူငယ်ရိပ်သာများ၊ စာကြည့်တိုက်များ စသည်တို့တွင် ဝင်ရောက်လေ့လာသင်ယူနိုင်ခြင်း | ရှိ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ မိကျောင်းချောင်းကျေးရွာတွင် အပန်းဖြေနိုင်သည့် နေရာများသည် ကျေးရွာနှင့် ဝေးလံပါသည်။ လူငယ်များသည် သာရေး၊နာရေးကိစ္စများတွင်သာ ပါဝင်မှုရှိပါသည်။ ကျေးရွာဖွံ့ဖြိုးရေး ကိစ္စများတွင် စားဝတ်နေရေးဖြေရှင်းနေရသဖြင့် ပါဝင်ခြင်းမရှိပါ။ ကျေးရွာတွင် မြေနေရာမရှိသောကြောင့် အားကစားကွင်းမရှိပါ။ ကျေးရွာစာကြည့်တိုက်တွင် ပညာဒါနထောက်ပံ့ပေးမှုနည်းပါး ပါသည်။ ဖုန်းလိုင်း မမိသဖြင့် အင်တာနက် လက်လှမ်းမမှီကြပါ။

## (ဏ) ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး အခြေအနေ

### (ဏ-၁) လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု

ဇယား (၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

| ဝန်ဆောင်မှုများ | ရှင်းလင်းချက် |
|---|---|
| ဆက်သွယ်ရေးဆိုင်ရာ အထောက်အကူပြုအဆောက်အဦများရှိခြင်း | ဖုန်းလိုင်း ဆက်သွယ်ရေး မကောင်းမွန်ပါ။ စာတိုက် ဘုတ်ပြင်းတွင် ရှိပါသည်။ |
| အာမခံလုပ်ငန်းများ၏ ဝန်ဆောင်မှုများကို ရရှိခြင်း | မရှိ |
| လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအစဉ် | မရှိပါ။မုန်တိုင်း အန္တရာယ် ကာကွယ်မှုအစီအစဉ်များမရှိခဲ့ပါ။ |
| မှုခင်းများ ကာကွယ်တားဆီးလျှော့ချရေးအတွက် ရဲဘက်ဆိုင်ရာများမှ ဝန်ဆောင်မှုပေးခြင်း | ဘုတ်ပြင်းရဲစခန်း - ၂ဝမိုင် |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်း ဖုန်းလိုင်းများမမိသောနေရာများသဖြင့် ဆက်သွယ်ရေးခက်ခဲပါသည်။ ပင်လယ်ကမ်းခြေရွာများဖြစ်၍ ရာသီဉတုအခြေအနေအရ သဘာဝဘေးအန္တရာယ်ကာကွယ်မှုမျိုး မရှိခဲ့ပါ။ ဘုတ်ပြင်းမြို့နှင့်ခရီးကွာဝေးလွန်းသဖြင့် လုံခြုံရေးရဲများလာရောက်မှုနည်းပါးပါသည်။

## (၈-၂) မှုခင်းဖြစ်ပွားမှု

ဇယား (၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ

| | လူကုန်ကူးမှု | ခိုးမှု | မူးယစ်ဆေးသုံးစွဲမှု | အကြမ်းဖက်မှု |
|---|---|---|---|---|
| **စိုးရိမ် /သာမန်/မရှိ** | သာမန် | မရှိ | စိုးရိမ်ရ | မရှိ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်ကြီးမားမားမှုခင်းဖြစ်ပွားမှုများနည်းပါးပါသည်။ သို့သော် မူးယစ်ဆေးသုံးစွဲမှုများ စိုးရိမ်ရသည်ကို တွေ့ရှိပါသည်။ထိုင်းနိုင်ငံမှ မြန်မာလုပ်သားများ လာရောက် ခေါ်ယူကြသည်။

၅။ နောက်ဆက်တွဲများ

## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာ- မိကျောင်းချောင်း                                                                 အုပ်စု -စတိန်

| စဉ် | အခက်အခဲ/ပြဿနာ | အခက်အခဲဖြစ်စေသော အကြောင်းအရင်း/ဇစ်မြစ် | အခြေအနေကောင်းများ | အဟန့်အတား | ဖြေရှင်းရန်နည်းလမ်း | အဆိုပြုစီမံချက် |
|---|---|---|---|---|---|---|
| **ကဏ္ဍ - ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု** | | | | | | |
| ၁။ | • လက်ရှိကျေးရွာ အဖွဲ့အစည်းများ စွမ်းဆောင်ရည် အားနည်းခြင်း<br>• လူမှုရေး၊ ဘာသာရေး ဆိုင်ရာအဖွဲ့သာရှိပြီး စီးပွားရေး၊ ဘက်စုံ ဖွံ့ဖြိုးရေးစီမံခန့်ခွဲ သည့်အဖွဲ့များမရှိခြင်း | • ဖွံ့ဖြိုးရေးလုပ်ငန်းများအား အချိန်ပေးနိုင်သူနည်းခြင်း။<br>• ကျေးရွာအဖွဲ့အစည်းများစွမ်း ဆောင်ရည် မြင့်တင်ရေး အစီအစဉ်များမရှိခြင်း၊ | • ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း အကောင်အထည်ဖော်နည်း များလေ့ကျင့်ရန် နိုင်ငံတော်၏ အသက်မွေး ဝမ်းကျောင်းဖွံ့ဖြိုးရေးနှင့် ဝင်ငွေတိုးစီမံကိန်းရှိခြင်း | • ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ အစည်းများစွမ်းရည် မြှင့်တင်ရေးအတွက် မြို့နယ် အဆင့်မှ နည်းပညာ အကူအညီ များစဉ်ဆက် မပြတ် ရရှိနိုင်မည့် အစီအစဉ် များမရှိခြင်း | • ကျေးရွာအသက်မွေးဝမ်းကျောင်း စီမံကိန်းများအကောင်အထည်ဖော် ရန်လိုအပ်သောအဖွဲ့ ဖွဲ့စည်းခြင်း<br>• ဖွဲ့စည်းပြီးသောအဖွဲ့များကို စွမ်းရည်မြှင့်တင်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း(အဖွဲ့အစည်း ဆိုင်ရာစီမံခန့်ခွဲမှု၊ ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှု၊ စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်မှုများ) | ၁။ကျေးရွာဖွံ့ဖြိုးရေး အဖွဲ့များ စွမ်းရည် မြှင့်တင်ခြင်း။ |
| **ကဏ္ဍ - သီးနှံထုတ်လုပ်ရေး** | | | | | | |
| ၂။ | • သီးနှံစိုက်ပျိုးသူနည်း ပါးခြင်း<br>• စိုက်ပျိုးနည်းပညာဗ ဟုသုတအားနည်း ခြင်း | • မြေပိုင်ဆိုင်သူနည်းပါးခြင်း<br>• သီးနှံစိုက်ပျိုးရေးဆိုင်ရာ နည်းပညာဝန်ဆောင်မှု ထိရောက်စွာမရရှိခြင်း၊<br>• အရင်းအနှီးလုံလောက်မှု မရှိခြင်း၊ | • နှစ်ရှည်သီးနှံခြံများတွင် နှစ်တိုသီးနှံများအားကာ လတိုဝင်ငွေရသီးနှံအဖြစ် စိုက်ပျိုးထုတ်လုပ်နိုင်ခြင်း | • ဈေးကွက်နှင့် အလှမ်းဝေးခြင်း<br>• ကာလတို သီးနှံများ စိုက်ပျိုးရန်အတွက် လုပ်သားအင်အားများ မရှိခြင်း | ငွေပေါ်လွယ်သည့် ရာသီပေါ် သီးနှံ များစိုက်ပျိုးသည့်နည်းပညာများ ရရှိရန် စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်ခြင်း၊<br>• ဈေးကွက်ဆိုင်ရာဗဟုသုတများ ဆွေးနွေးပွဲများပြုလုပ်ခြင်း၊ | ၂။ သီးနှံစိုက်ပျိုးရေး နည်းပညာဝန်ဆောင်မှု များရရှိအောင်ဆောင် ရွက်ခြင်း၊ (စိုက်ပျိုး နည်း၊ဈေးကွက်၊ လုပ်ငန်းစီမံခန့်ခွဲမှု) |

| | | | | | | |
|---|---|---|---|---|---|---|
| **ကဏ္ဍ - မွေးမြူရေး** | | | | | | |
| ၃။ | • ကြက်နာရောဂါကျရောက်၍ ဆုံးရှုံးခြင်း<br>• ဝက်သားပေါက်များ ရရန် ခက်ခဲခြင်း | • ကာကွယ်ဆေးထိုးသည့် အစီအစဉ်များမရှိခြင်း၊<br>• ကျေးရွာအတွင်း သားပေါက် များဝယ်ယူရန် ခက်ခဲခြင်း | | မွေးမြူရေးလုပ်ငန်း လုပ်ကိုင်နိုင်ရန်ငွေကြေး အရင်းအနှီးနှင့်နည်းပညာ အရင်းအနှီးမရှိခြင်း | မွေးမြူရေးလုပ်ငန်းလုပ်ကိုင်နိုင်ရန်အတွက် ငွေကြေး အရင်းအနှီးများ ရရှိအောင် ဆောင်ရွက်စေခြင်း | ၃။ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နိုင်အောင် ဆောင်ရွက်ခြင်း |
| **ကဏ္ဍ - စိုက်ပျိုး၊ မွေးမြူရေးမဟုတ်သောအခြားဝင်ငွေတိုးလုပ်ငန်းများ** | | | | | | |
| ၄။ | • အမျိုးသမီးများဝင်ငွေရလုပ်ငန်းများမလုပ်ကိုင်နိုင်ခြင်း<br>• အသက်မွေးဝမ်းကျောင်းဆိုင်ရာကျွမ်းကျင်မှုအားနည်းခြင်း | • အတန်းပညာတတ်မြောက်သူနည်းခြင်း၊<br>• ပြင်ပထွက် လေ့လာမှု အားနည်းခြင်း၊<br>• ဥယျာဉ်ခြံလုပ်ငန်း တစ်ခုကိုသာ လုပ်တတ်ခြင်း | • ဝင်ငွေရလုပ်ငန်းလုပ်ကိုင်ရန် အမျိုးသမီးများ အချိန်ပေးနိုင်ခြင်း<br>• ဥယျာဉ်ခြံသီးနှံထွက်ကုန်များအားကုန်ချောပြုလုပ်ရန် အခွင့်အလမ်းများ ရှိခြင်း | • လုပ်ငန်းအခွင့်အလမ်း တိုးတက်ရေးစီမံကိန်း များဒေသတွင်း၌မရှိခြင်း | • အလုပ်အကိုင်အခွင့်အလမ်းများလက်လှမ်းမီမှုတိုးတက်ရေးအစီအစဉ်များဖြင့် ကျေးရွာလူထုအားကူညီရန် မြို့နယ်အဆင့်သို့တင်ပြခြင်း | ၄။ စိုက်ပျိုးမွေးမြူရေး မဟုတ်သောဝင်ငွေရ လုပ်ငန်းများလုပ်ကိုင် နိုင်ရန် ဆောင်ရွက်ခြင်း |
| **ကဏ္ဍ - ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း** | | | | | | |
| ၅။ | • သင့်တင့်သောချေးငွေ ရရှိရန် ခက်ခဲခြင်း | • တစ်ဦးနှင့် တစ်ဦးယုံကြည်မှု အားနည်းခြင်း၊<br>• ပြန်မဆပ်နိုင်မည်ကိုစိုးရိမ်ခြင်း<br>• ရွှေ့ပြောင်းနေထိုင်မှုများရှိခြင်း<br>• ဥယျာဉ်ခြံပိုင်သော သူများ ကိုသာ ငွေထုတ်ချေးပေးခြင်း<br>• အတိုးနှုန်းမြင့်မားခြင်း | | | • အတိုးနှုန်းသက်သာသော ငွေချေး ရရှိနိုင်ရန် မြို့နယ် အဆင့်သို့ တင်ပြခြင်း၊<br>• လူထုကိုယ်တိုင် ဦးဆောင်သည့် ငွေစုငွေချေးအဖွဲ့များ ထူထောင်ခြင်း၊ | ၅။ အစုအဖွဲ့စနစ်ဖြင့် ချေးငွေရရှိရေး ဆောင်ရွက်ခြင်း |

| | | | | | | |
|---|---|---|---|---|---|---|
| **ကဏ္ဍ - ပညာရေး** | | | | | | |
| ၇။ | • စာမတတ်သောသူများ များပြားခြင်း<br>• မူလတန်းကျောင်းထွက်နှုန်းမြင့်မားခြင်း<br>• အလယ်တန်းအထက်တန်းပညာပြီးစီးမှုနည်းခြင်း | • စားဝတ်နေရေးမပြေလည်မှုများခြင်း၊<br>• မိသားစုလုပ်ငန်းများတွင် ဝင်ရောက် လုပ်ကိုင်ကြခြင်း<br>• ပညာရေးအားစိတ်ဝင်စားမှုအားနည်းခြင်း၊ | • | • | • ပညာရေးအားစိတ်ဝင်စားမှုမြင့်မားလာစေရန်အသိပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း၊<br>• အဆင်မပြေသောကျောင်းသားများအားပညာရေးအတွက် ထောက်ပံ့ပေးနေသော အဖွဲ့များနှင့် ချိတ်ဆက်ခြင်း၊<br>• စာသင်ကျောင်းဆောင် တည်ဆောက်စေခြင်း | ၁၀။ စာသင်ကျောင်း တည်ဆောက်စေခြင်း<br>၁၁။ ပညာတတ်မြောက်မှုတိုးတက်အောင် ဆောင်ရွက်ခြင်း |
| **ကဏ္ဍ - ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | | | | | | |
| ၈။ | • အိမ်သာစနစ်တကျ အသုံးပြုမှုအားနည်းခြင်း<br>• သောက်သုံးရေလက်လှမ်းမီမှုတိုးတက်ရန် လိုအပ်ခြင်း | • အခြေခံကျန်းမာရေးဆိုင်ရာများအားအလေးထားမှုအားနည်းခြင်း<br>• ရေပိုက်လိုင်းရွာထဲအထိမရောက်သေးခြင်း၊<br>• ရေပေးဝေမှုစနစ်ကျရန် လိုအပ်ခြင်း၊ | • | • | • အခြေခံကျန်းမာရေးအသိ ပညာပေးဟောပြောပွဲများပုံမှန်ပြုလုပ်ခြင်း၊<br>• ရွာသားများကိုယ်တိုင် လေ့လာသင်ယူလိုစိတ်ရှိအောင်စွမ်းဆောင်ရည်မြင့်တင်မှုပြုလုပ်ခြင်း၊ | ၁၂။ သောက်သုံးရေရရှိမှုနှင့် ပတ်ဝန်းကျင် သန့်ရှင်းမှုတိုးတက်အောင်ဆောင်ရွက်ခြင်း |
| **ကဏ္ဍ - လမ်း၊ တံတား၊ အခြေခံအဆောက်အဦ** | | | | | | |
| ၉။ | • ကျေးရွာသူ/သားများ စုဝေးရန်နေရာခက်ခဲခြင်း<br>• ဆေးကုသရန် နေရာခက်ခဲခြင်း | • ကျေးရွာအတွင်း ကျေးရွာပိုင် အဆောက်အဦးမရှိသဖြင့် ဆွေးနွေးပွဲများ၊ ကျန်းမာရေး စောင့်ရှောက်မှုများ ပြုလုပ်ရန် နေရာမရှိခြင်း<br>• ကျန်းမာရေးဆေးပေးခန်း အဆောက်အဦမရှိခြင်း | • ကျေးရွာပိုင်အဆောက်အဦ ဆောက်လုပ်ရန်မြေနေရာ အလှူရှင် ရှိခြင်း<br>• ကျေးရွာတွင် လုပ်သား အရင်းအမြစ်များ ရှိခြင်း | • ကျေးရွာပိုင် အဆောက်အဦ တည်ဆောက်ရန် အတွက်ငွေကြေးအရင်းအနှီး နှင့် နည်းပညာ အရင်းအနှီးမရှိခြင်း | • ဆေးကုသရန်အတွက် သက်ဆိုင်ရာ ဌာနများသို့ ချိတ်ဆက်ဆောင်ရွက်စေခြင်း | ၁၃။ ကျေးရွာပိုင် အဆောက်အဦတည်ဆောက်ခြင်း<br>၁၄။ဆေးပေးခန်း တည်ဆောက်ခြင်း |

| | | | | | | |
|---|---|---|---|---|---|---|
| **ကဏ္ဍ - ကျေးရွာမီးလင်းရေး** | | | | | | |
| ၁၀ | • အချိန်ပြည့် မီးမလင်းနိုင်ခြင်း | • ဆိုလာပြားများအိမ်တိုင်းစေ့ ဝယ်ယူအသုံးမပြုနိုင်ခြင်း၊ | • ကျေးလက်ဦးစီးဌာနမှ ဆိုလာစနစ်ဖြင့် မီးလင်းရေး စီမံကိန်းဝင်ရောက်ထားခြင်း | • | • ဆိုလာမီးသုံးစွဲမှုတိုးတက်လာစေရန်နည်းပညာအကူအညီရရှိရေး အတွက် သက်ဆိုင်ရာဦးစီးဌာန (လျှပ်စစ်စွမ်းအား/ကျေးလက်) နှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊<br>• ပုဂ္ဂလိကမီးပေးရေးနှင့် ဆက်သွယ်ခြင်း။ | ၁၅။ကျေးရွာမီးလင်း ရေးဆောင်ရွက်ခြင်း |
| **ကဏ္ဍ - လူငယ်နှင့် ယဉ်ကျေးမှု** | | | | | | |
| ၁၁။ | • လူငယ်ဖွံ့ဖြိုးရေးအစီအစဉ်များမရှိသေး ခြင်း | • လူငယ်ဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲဆောင်ရွက်သည့် ဗဟုသုတနှင့်အလေ့အထ မရှိခြင်း၊ | • | • | • လူငယ်ဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာဆောင်ရွက်နိုင်ရန် မြို့နယ်အဆင့် အဖွဲ့အစည်းများ ထံလေ့လာခြင်း | ၁၆။လူငယ်ဖွံ့ဖြိုးရေး လုပ်ငန်းများဆောင် ရွက်ခြင်း |
| **ကဏ္ဍ - သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ဘေးအန္တရာယ် လျော့ချရေး** | | | | | | |
| ၁၂။ | • အမှိုက်များစနစ် တကျစွန့်ပစ်ရန် ခက်ခဲ ခြင်း | • အမှိုက်များစွန့်ပစ်ရန် မြေနေရာ/သတ်မှတ် မထားခြင်း<br>• ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာအသိပညာအားနည်း ခြင်း | • | • | • အမှိုက်များစွန့်ပစ်ရန် မြေနေရာ သတ်မှတ်ခြင်း၊စည်းကမ်းများ သတ်မှတ် လုပ်ဆောင်ခြင်း။ | ၁၇။ အမှိုက်များ စနစ် တကျစွန့်ပစ်ရန် နေရာ သတ်မှတ်ခြင်း |

## အခြေခံအဆောက်အဦးနှင့် ဦးစားပေးလုပ်ငန်းများ

ကျေးရွာ- မိကျောင်းချောင်း　　　　အုပ်စု -စတိန်　　　　ရက်စွဲ- ၂၅.၁၁.၂၀၂၁

| ဦးစားပေးအဆင့် | ဦးစားပေးလုပ်ငန်းများ |
|---|---|
| ၁ | ကုန်ထုတ်လမ်းဖော်လုပ်ခြင်း(မြေသား+ကျောက်ရောမြေ) |
| ၂ | ရွာတွင်းလူလျှောက်တံတားတည်ဆောက်ခြင်း |
| ၃ | ဆိပ်ခံတံတားပြုပြင်ခြင်း |
| ၄ | ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်ခြင်း |
| ၅ | တွင်းတိမ်တူးဖော်ခြင်း |

# အဆိုပြုစီမံချက်

## စီမံချက်အဆိုပြုလွှာ(သို့)စီမံချက်အကြောင်းအရာ(Project Profile)

| | |
|---|---|
| ကျေးရွာ - မိကျောင်းချောင်းကျေးရွာ<br>ကျေးရွာအုပ်စု - စတိန်ကျေးရွာ<br>မြို့နယ် - ဘုတ်ပြင်းမြို့နယ်<br>တိုင်းဒေသကြီး/ပြည်နယ် - တနင်္သာရီတိုင်းဒေသကြီး | |
| **စီမံချက်အမည်–** ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း(မြေသား+ကျောက်ရောမြေ)(၈၅၀'×၁၂'×၆") | |
| **စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်းရှင်းလင်းဖော်ပြချက်(သို့)လက်ရှိအခြေအနေ**<br>ကျေးရွာထွက်ကုန်များသယ်ယူပို့ဆောင်ရာတွင် အချိန်တိုတိုဖြင့် သယ်ယူသွားလာနိုင်ရေးအတွက် ဆောင်ရွက်ရန် လိုအပ်ခြင်းဖြစ်ပါသည်။ | |
| **စီမံချက်၏ရည်ရွယ်ချက်။** ။ ကျေးရွာ၏ အမှန်တကယ်လိုအပ်လျက်ရှိသော ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ ရွေးချယ်ဆောင်ရွက်ပေးခြင်းဖြင့် ကျေးရွာ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုး တိုးတက်လာစေရန် ရည်ရွယ်ပါသည်။ | |
| **မျှော်မှန်းအကျိုးရလဒ်။** ။ ကျေးရွာမှ ထွက်ကုန်များကို အချိန်ကုန်သက်သာစွာဖြင့် သယ်ယူပို့ ဆောင်နိုင်ပြီး ဈေးကွက်သို့ အချိန်မီ ပို့နိုင်ရန် မျှော်မှန်းပါသည်။ | |
| **စီမံချက်ဆိုင်ရာအချက်အလက်ဖော်ပြခြင်း**<br>ကုန်ထုတ်လမ်းအား ၈၅၀ပေအရှည်ဖြင့် လမ်းသား(၁၂)ပေအကျယ်၊(၆)လက်မထုဖြင့် ရေဖြန်း စက်ကြိတ်နင်း၍ လမ်းပုခုံး၊ရေမြောင်းတို့ဖြင့် စနစ်တကျ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ | |
| **ကုန်ကျစရိတ်ထည့်ဝင်မှု**<br>ကျေးရွာဥယျာဉ်ခြံပိုင်ရှင်များမှ လမ်းဧရိယာအကျယ်အတိုင်း မြေပေး၍ မိမိတို့ခြံအလိုက် ပါဝင်သော သစ်ပင်တို့အား ခုတ်လှဲခြင်း၊ရှင်းလင်းခြင်းများ စနစ်တကျဆောင်ရွက်ပြီး လမ်းလုပ်ငန်းများ ဆောင်ရွက် ရာတွင် လိုအပ်ပါက လုပ်အားဖြင့် ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ | |
| **ခန့်မှန်းကုန်ကျစရိတ်(ကျပ်)** | **ထည့်ဝင်မည့်အစီအစဉ်** |
| • ၁၀၀၀၀၀၀၀၀/- (ငွေသား)<br>• (ငွေသား)<br>• (ပစ္စည်း/လုပ်အား)<br>• | • ကျေးလက်ဦးစီး<br>• ကျေးရွာ<br>• ကျေးရွာ<br>• |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှုအဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| ကျေးရွာအဆင့် | ၁၂၈ | ၁၇၂ | ၃၀၀ | ၁၅ | ၂၅ | ၁၇ | ၁၀ | ၆၇ |
| အကျိုးခံစားမည့်ဦးရေ | ၁၂၈ | ၁၇၂ | ၃၀၀ | ၁၅ | ၂၅ | ၁၇ | ၁၀ | ၆၇ |
| မှတ်ချက်။ ချောင်လည်အဆင့်-၁ ၊ အလယ်အလတ်ဆင့်-၂ ၊ ဆင်းရဲ-၃ ၊ အလွန်ဆင်းရဲ-၄ | | | | | | | | |

**စီမံချက်အကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ**

**(၁) တာဝန်ယူအကောင်အထည်ဖော်မည့်အဖွဲ့အစည်း(များ)**

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ၏ ကြီးကြပ်မှုဖြင့် ကျေးရွာသူ/သားများနှင့် အတူ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**(၂) စီမံချက်စတင်မည့်အချိန် ခန့်မှန်း။ ၁.၆.၂၀၂၁**

**(၃) စီမံချက်ပြီးစီးမည့်အချိန်။ ၃၀.၈.၂၀၂၁**

**(၄) ကျေးရွာထည့်ဝင်မှုရရှိအောင် ဆောင်ရွက်မည့်အစီအစဉ်**

လိုအပ်ပါက လုပ်သားအင်အားရရှိရေးစီစဉ်ဆောင်ရွက်ထားရှိပါမည်။

**(၅) လုပ်ငန်းလည်ပတ်ရေးပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့်ငွေကြေးဆိုင်ရာ အစီအစဉ်**

လုပ်ငန်းဆောင်ရွက်ပြီးပါက ပြုပြင်ထိန်းသိမ်းရေးကော်မတီဖွဲ့စည်း၍ ကျေးရွာရန်ပုံငွေ၊ ဥယျာဉ်ခြံ ပိုင်ရှင်များထံမှ အလှူငွေများ ကောက်ခံ၍ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

# နှစ်အလိုက်စီမံချက်များ

## စီမံချက်အဆိုပြုလွှာ(သို့)စီမံချက်အကြောင်းအရာ(Project Profile)

<table>
<tr><td colspan="2">ကျေးရွာ - မိကျောင်းချောင်းကျေးရွာ<br>ကျေးရွာအုပ်စု - စတိန်ကျေးရွာ<br>မြို့နယ် - ဘုတ်ပြင်းမြို့နယ်<br>တိုင်းဒေသကြီး/ပြည်နယ် - တနင်္သာရီတိုင်းဒေသကြီး</td></tr>
<tr><td colspan="2">စီမံချက်အမည်- ရွာတွင်းလူလျှောက်တံတား</td></tr>
<tr><td colspan="2">စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်းရှင်းလင်းဖော်ပြချက်(သို့)လက်ရှိအခြေအနေ<br>ကျေးရွာမှ လက်ရှိလူလျှောက်တံတားမှာ သစ်သားဖြင့် ပြုလုပ်ထားရှိပြီး နှစ်ကာလကြာရှည်ပြီဖြစ်၍ ဆွေးမြေ့နေသည့်အတွက် ဆောင်ရွက်ရန်လိုအပ်ခြင်းဖြစ်ပါသည်။</td></tr>
<tr><td colspan="2">စီမံချက်၏ရည်ရွယ်ချက်</td></tr>
<tr><td colspan="2">မျှော်မှန်းအကျိုးရလဒ်</td></tr>
<tr><td colspan="2">စီမံချက်ဆိုင်ရာအချက်အလက်ဖော်ပြခြင်း</td></tr>
<tr><td colspan="2">ကုန်ကျစရိတ်ထည့်ဝင်မှု</td></tr>
<tr><td>ခန့်မှန်းကုန်ကျစရိတ်(ကျပ်)</td><td>ထည့်ဝင်မည့်အစီအစဉ်</td></tr>
<tr><td>• (ငွေသား)<br>• (ငွေသား)<br>• (ပစ္စည်း/လုပ်အား)<br>•</td><td>• ကျေးလက်ဦးစီး<br>• ကျေးရွာ<br>• ကျေးရွာ<br>•</td></tr>
</table>

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှုအဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| ကျေးရွာအဆင့် | | | | | | | | |
| အကျိုးခံစားမည့်ဦးရေ | | | | | | | | |
| မှတ်ချက်။ ချောင်လည်အဆင့်-၁ ၊ အလယ်အလတ်ဆင့်-၂ ၊ ဆင်းရဲ-၃ ၊ အလွန်ဆင်းရဲ-၄ | | | | | | | | |

**စီမံချက်အကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ**

(၁) တာဝန်ယူအကောင်အထည်ဖော်မည့်အဖွဲ့အစည်း(များ)

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ၏ ကြီးကြပ်မှုဖြင့် ကျေးရွာသူ/သားများနှင့် အတူ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(၂) စီမံချက်စတင်မည့်အချိန် ခန့်မှန်း။

(၃) စီမံချက်ပြီးစီးမည့်အချိန်။

(၄) ကျေးရွာထည့်ဝင်မှုရရှိအောင် ဆောင်ရွက်မည့်အစီအစဉ်

(၅) လုပ်ငန်းလည်ပတ်ရေး၊ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့်ငွေကြေးဆိုင်ရာ အစီအစဉ်

**စီမံချက်အဆိုပြုလွှာ(သို့)စီမံချက်အကြောင်းအရာ(Project Profile)**

<table>
<tr><td colspan="2">ကျေးရွာ – မိကျောင်းချောင်းကျေးရွာ<br>ကျေးရွာအုပ်စု – စတိန်ကျေးရွာ<br>မြို့နယ် – ဘုတ်ပြင်းမြို့နယ်<br>တိုင်းဒေသကြီး/ပြည်နယ် – တနင်္သာရီတိုင်းဒေသကြီး</td></tr>
<tr><td colspan="2">စီမံချက်အမည်– ဆိပ်ခံတံတားပြုပြင်ခြင်း</td></tr>
<tr><td colspan="2">စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်းရှင်းလင်းဖော်ပြချက်(သို့)လက်ရှိအခြေအနေ<br>မူလဆိပ်ခံတံတားမှာ နှစ်ကာလကြာရှည်ပြီဖြစ်သည့်အတွက် ပြုပြင်ဆောင်ရွက်ရန် လိုအပ်ခြင်းဖြစ်ပါသည်။</td></tr>
<tr><td colspan="2">စီမံချက်၏ရည်ရွယ်ချက်</td></tr>
<tr><td colspan="2">မျှော်မှန်းအကျိုးရလဒ်</td></tr>
<tr><td colspan="2">စီမံချက်ဆိုင်ရာအချက်အလက်ဖော်ပြခြင်း</td></tr>
<tr><td colspan="2">ကုန်ကျစရိတ်ထည့်ဝင်မှု</td></tr>
<tr><td>ခန့်မှန်းကုန်ကျစရိတ်(ကျပ်)</td><td>ထည့်ဝင်မည့်အစီအစဉ်</td></tr>
<tr><td>• (ငွေသား)<br>• (ငွေသား)<br>• (ပစ္စည်း/လုပ်အား)<br>•</td><td>• ကျေးလက်ဦးစီး<br>• ကျေးရွာ<br>• ကျေးရွာ<br>•</td></tr>
</table>

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှုအဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| ကျေးရွာအဆင့် | | | | | | | | |
| အကျိုးခံစားမည့်ဦးရေ | | | | | | | | |
| မှတ်ချက်။ ချောင်လည်အဆင့်-၁ ၊ အလယ်အလတ်ဆင့်-၂ ၊ ဆင်းရဲ-၃ ၊ အလွန်ဆင်းရဲ-၄ | | | | | | | | |

**စီမံချက်အကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ**

| |
|---|
| (၁) တာဝန်ယူအကောင်အထည်ဖော်မည့်အဖွဲ့အစည်း(များ)<br>ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ၏ ကြီးကြပ်မှုဖြင့် ကျေးရွာသူ/သားများနှင့် အတူ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ |
| (၂) စီမံချက်စတင်မည့်အချိန် ခန့်မှန်း။ |
| (၃) စီမံချက်ပြီးစီးမည့်အချိန်။ |
| (၄) ကျေးရွာထည့်ဝင်မှုရရှိအောင် ဆောင်ရွက်မည့်အစီအစဉ် |
| (၅) လုပ်ငန်းလည်ပတ်ရေး၊ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့်ငွေကြေးဆိုင်ရာ အစီအစဉ် |

**စီမံချက်အဆိုပြုလွှာ(သို့)စီမံချက်အကြောင်းအရာ(Project Profile)**

<table>
<tr><td colspan="2">ကျေးရွာ - မိကျောင်းချောင်းကျေးရွာ<br>ကျေးရွာအုပ်စု - စတိန်ကျေးရွာ<br>မြို့နယ် - ဘုတ်ပြင်းမြို့နယ်<br>တိုင်းဒေသကြီး/ပြည်နယ် - တနင်္သာရီတိုင်းဒေသကြီး</td></tr>
<tr><td colspan="2">စီမံချက်အမည်- ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်ခြင်း</td></tr>
<tr><td colspan="2">စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်းရှင်းလင်းဖော်ပြချက်(သို့)လက်ရှိအခြေအနေ<br>ကျေးရွာတွင် ရွာပိုင်ခန်းမ မရှိသည့်အတွက် အစည်းအဝေးများ ပြုလုပ်ရာတွင် အခက်အခဲရှိပါသဖြင့် ဆောင်ရွက်လိုခြင်းဖြစ်ပါသည်။</td></tr>
<tr><td colspan="2">စီမံချက်၏ရည်ရွယ်ချက်</td></tr>
<tr><td colspan="2">မျှော်မှန်းအကျိုးရလဒ်</td></tr>
<tr><td colspan="2">စီမံချက်ဆိုင်ရာအချက်အလက်ဖော်ပြခြင်း</td></tr>
<tr><td colspan="2">ကုန်ကျစရိတ်ထည့်ဝင်မှု</td></tr>
<tr><td>ခန့်မှန်းကုန်ကျစရိတ်(ကျပ်)</td><td>ထည့်ဝင်မည့်အစီအစဉ်</td></tr>
<tr><td>• (ငွေသား)<br>• (ငွေသား)<br>• (ပစ္စည်း/လုပ်အား)<br>•</td><td>• ကျေးလက်ဦးစီး<br>• ကျေးရွာ<br>• ကျေးရွာ<br>•</td></tr>
</table>

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှုအဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| ကျေးရွာအဆင့် | | | | | | | | |
| အကျိုးခံစားမည့်ဦးရေ | | | | | | | | |
| မှတ်ချက်။ ချောင်လည်အဆင့်-၁ ၊ အလယ်အလတ်ဆင့်-၂ ၊ ဆင်းရဲ-၃ ၊ အလွန်ဆင်းရဲ-၄ | | | | | | | | |

**စီမံချက်အကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ**

(၁) တာဝန်ယူအကောင်အထည်ဖော်မည့်အဖွဲ့အစည်း(များ)

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ၏ ကြီးကြပ်မှုဖြင့် ကျေးရွာသူ/သားများနှင့် အတူ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(၂) စီမံချက်စတင်မည့်အချိန် ခန့်မှန်း။

(၃) စီမံချက်ပြီးစီးမည့်အချိန်။

(၄) ကျေးရွာထည့်ဝင်မှုရရှိအောင် ဆောင်ရွက်မည့်အစီအစဉ်

(၅) လုပ်ငန်းလည်ပတ်ရေးပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့်ငွေကြေးဆိုင်ရာ အစီအစဉ်

**စီမံချက်အဆိုပြုလွှာ(သို့)စီမံချက်အကြောင်းအရာ(Project Profile)**

| | |
|---|---|
| ကျေးရွာ - မိကျောင်းချောင်းကျေးရွာ<br>ကျေးရွာအုပ်စု - စတိန်ကျေးရွာ<br>မြို့နယ် - ဘုတ်ပြင်းမြို့နယ်<br>တိုင်းဒေသကြီး/ပြည်နယ် - တနင်္သာရီတိုင်းဒေသကြီး | |
| **စီမံချက်အမည်–** တွင်းတိမ်တူးဖော်ခြင်း | |
| **စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်းရှင်းလင်းဖော်ပြချက်(သို့)လက်ရှိအခြေအနေ**<br>ကျေးရွာသည် ဒီရေများ ဝင်ရောက်မှုကြောင့် သန့်ရှင်းသော သောက်သုံးရေ မရရှိသည့်အတွက်တွင်းတိမ်တူးဖော်ရန် လိုအပ်ခြင်းဖြစ်ပါသည်။ | |
| **စီမံချက်၏ရည်ရွယ်ချက်** | |
| **မျှော်မှန်းအကျိုးရလဒ်** | |
| **စီမံချက်ဆိုင်ရာအချက်အလက်ဖော်ပြခြင်း** | |
| **ကုန်ကျစရိတ်ထည့်ဝင်မှု** | |
| **ခန့်မှန်းကုန်ကျစရိတ်(ကျပ်)** | **ထည့်ဝင်မည့်အစီအစဉ်** |
| • (ငွေသား)<br>• (ငွေသား)<br>• (ပစ္စည်း/လုပ်အား)<br>• | • ကျေးလက်ဦးစီး<br>• ကျေးရွာ<br>• ကျေးရွာ<br>• |

၂

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှုအဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| ကျေးရွာအဆင့် | | | | | | | | |
| အကျိုးခံစားမည့်ဦးရေ | | | | | | | | |
| မှတ်ချက်။ ချောင်လည်အဆင့်-၁ ၊ အလယ်အလတ်ဆင့်-၂ ၊ ဆင်းရဲ-၃ ၊ အလွန်ဆင်းရဲ-၄ | | | | | | | | |

**စီမံချက်အကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ**

| |
|---|
| (၁) တာဝန်ယူအကောင်အထည်ဖော်မည့်အဖွဲ့အစည်း(များ)<br>ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ၏ ကြီးကြပ်မှုဖြင့် ကျေးရွာသူ/သားများနှင့် အတူ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ |
| (၂) စီမံချက်စတင်မည့်အချိန် ခန့်မှန်း။ |
| (၃) စီမံချက်ပြီးစီးမည့်အချိန်။ |
| (၄) ကျေးရွာထည့်ဝင်မှုရရှိအောင် ဆောင်ရွက်မည့်အစီအစဉ် |
| (၅) လုပ်ငန်းလည်ပတ်ရေး၊ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့်ငွေကြေးဆိုင်ရာ အစီအစဉ် |